# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေးကိစ္စ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ၊ ရခိုင်(၇)၊ မိခင်ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ပြည်ပ ခရီးစဉ်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေ့ယိန်း၊ ချင်း(၁၁)၊ ကျန်းမာရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပြုထားသူ(၈)ဦး ဖြစ်၍ စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မှတ်တမ်းတင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတထံမှ နာယက၊ ပြည်ထောင်စုလွှတ်တော်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ထံ လိပ်မူပြီး သဝဏ်လွှာတစ်စောင် ပေးပို့ထားပါတယ်။ သဝဏ်လွှာမိတ္တူများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အဆိုပါ သဝဏ်လွှာကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

[သဝဏ်လွှာကို **နောက်ဆက်တွဲ** ဖြင့် ဖော်ပြပါသည်။]

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံပါလီမန်များ ညီလာခံ (ASEAN Inter - Parliamentary Assembly) (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter - Parliamentary Union) (IPU) ဆိုင်ရာ ပူးပေါင်းကော်မတီ တို့တွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံပါလီမန်များ ညီလာခံ (ASEAN Inter - Parliamentary Assembly) (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ (Inter - Parliamentary Union) (IPU) ဆိုင်ရာ ပူးပေါင်းကော်မတီ တို့တွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly) (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီတွင်

(၁) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)

(၂) ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)

(၃) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၄) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၅) ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၆) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၇) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၈) ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၉) ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၁၀) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)တို့ဖြင့် ဖွဲ့စည်းရန် လျာထားပါတယ်။

နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter - Parliamentary Union) (IPU) ဆိုင်ရာ ပူးပေါင်းကော်မတီတွင်

(၁) ပါမောက္ခဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၂) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၃) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၄) ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(၅) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၆) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၇) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(၈) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)

(၉) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)တို့ဖြင့် ဖွဲ့စည်းရန် လျာထားပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံပါလီမန်များ ညီလာခံ (ASEAN Inter - Parliamentary Assembly) (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter - Parliamentary Union) (IPU) ဆိုင်ရာ ပူးပေါင်းကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံပါလီမန်များ ညီလာခံ (ASEAN Inter Parliamentary Assembly) (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter - Parliamentary Union) (IPU) ဆိုင်ရာပူးပေါင်းကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၂ နှင့် အညီ စစ်တက္ကသိုလ်များ၌ လူမျိုးဘာသာ မခွဲခြားဘဲ တက်ရောက်စေခြင်း၊ တပ်မတော်တွင် တိုင်းရင်းသားများထဲမှ အရည်အချင်း ရှိသူများကို ရာထူးအဆင့်ဆင့်တွင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရိုန်းဘွေ က ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၂ နှင့် အညီ စစ်တက္ကသိုလ်များ၌ လူမျိုး ဘာသာမခွဲခြားဘဲ တက်ရောက်စေခြင်း၊ တပ်မတော်တွင် တိုင်းရင်းသားများထဲမှ အရည်အချင်းရှိသူများကို ရာထူးအဆင့်ဆင့်တွင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့် မေးခွန်းကတော့ နိုင်ငံတော်ရဲ့ အနာဂတ်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုကျစ်လစ်ခိုင်မာစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၂ ပါအတိုင်း မြန်မာ့တပ်မတော် စစ်တက္ကသိုလ်များ၌ လူမျိုးဘာသာမခွဲခြားဘဲ တက်ရောက်စေခြင်း၊ တပ်မတော်တွင် အရည်အချင်းရှိသူ တိုင်းရင်းသားများထဲမှ ရာထူးအဆင့်ဆင့်တွင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးကာလ တပ်မတော်မှာ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသည်ဖြင့် စစ်ခေါင်းဆောင်ကြီးများ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီး တပ်မတော်တွင် ကရင်တိုင်းရင်းသားများထဲမှ ဗိုလ်ချုပ်စမစ်ထွန်း (ကာကွယ်ရေးဦးစီးချုပ်)၊ နောက် ဗိုလ်ချုပ်ဒီကလစ် (လေတပ်ဦးစီးချုပ်) စသည်ဖြင့် တိုင်းရင်းသား စစ်ခေါင်းဆောင်ကြီးများ ပေါ်ထွန်းခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာလည်း ကျွန်တော်တို့ ချင်းတိုင်းရင်းသား လူမျိုးဖြစ်တဲ့ ဗိုလ်ချုပ်တောင်ဇာခိုင် ဟာ စစ်ရေးချုပ်တာဝန်ထိ ထမ်းဆောင်ခဲ့ပါတယ်။ ပြီးရင် ဒု-တိုင်းမှူးများအဖြစ်နဲ့ ဗိုလ်မှူးကြီး ဘာလီကိုး၊ ဗိုလ်မှူးကြီးစမုံ စသည်ဖြင့် ဒု-တိုင်းမှူးအဆင့်များ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

ကချင်တိုင်းရင်းသား စစ်ခေါင်းဆောင်များအဖြစ်နဲ့ ဗိုလ်မှူးချုပ် အယ်လ်ခွန်ဖန် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဆင့်နဲ့ ဗိုလ်မှူးကြီးခွန်နော် တပ်မတော်မှာ ကချင် စစ်ခေါင်းဆောင်များအဖြစ်နဲ့ နာမည်ပေါ်ထွန်းခဲ့ကြပါတယ်။ ရာထူးကြီးတာဝန်များကို တပ်မတော်မှာ ကျေပွန်စွာထမ်းဆောင်ခဲ့ကြတဲ့သူများ ဖြစ်ပါတယ်။ ၁၉၈၈ နောက်ပိုင်း တပ်မတော်တွင်လည်း စစ်တက္ကသိုလ်ဝင်ခွင့် ရရေးအတွက် ကချင်၊ ကရင်၊ ချင်း စတဲ့ တိုင်းရင်းသား အများအားဖြင့် ခရစ်ယာန် ယုံကြည်ကိုးကွယ်သူ လူငယ်များ တပ်မတော်တွင် အရာရှိငယ်များမရှိသလောက် ဖြစ်လာပြီး တပ်ထဲမှာလည်း ယုံကြည်ကိုးကွယ်မှုအရ ရာထူးအဆင့်ဆင့် တက်ရန်ပင် လမ်းပိတ်ခဲ့ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ် နောက်ပိုင်း စစ်တက္ကသိုလ်လျှောက်ရင် ခရစ်ယာန်မှန်ရင် ဘယ်သူမှ မရွေးတော့ပါဘူး။ ဒါကြောင့် နောက်ပိုင်းမှာ တပ်မတော်မှာ ဝါသနာအရ လူငယ်များဝင်ရောက်လိုသော်လည်း စစ်တက္ကသိုလ်ရွေးချယ်ခြင်းမရှိ၍ နောက်ပိုင်း ကျွန်တော်တို့ ချင်းတိုင်းရင်းသားများ ခရစ်ယာန်လူငယ်များဟာ စစ်တက္ကသိုလ်လျှောက်ဖို့တောင် ဝါသနာ မရှိကြတော့ပါဘူး။ ဒါကြောင့် နောက်ပိုင်းမှာ စစ်တက္ကသိုလ်လျှောက်တဲ့ တိုင်းရင်းသားတွေလည်း အင်မတန် နည်းပါးလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ နိုင်ငံသားမှန်ရင် တို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသား လူမျိုးများ မွေးရာပါတာဝန်အဖြစ် မဖြစ်မနေ ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ အရပ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူမျိုးဘာသာမခွဲခြားဘဲ အရည်အချင်းရှိသူ မည်သည့်နိုင်ငံသားတိုင်းရင်းသားမဆို ရာထူးပေးချီးမြှောက်ရမှာဖြစ်သလို ပြည်ထောင်စုတိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်၊ မြန်မာ့တပ်မတော်ကြီးတွင် အောက်ဆုံးစစ်သားအဆင့်မှ အထက်ဗိုလ်ချုပ်ကြီးအဆင့်အထိ အဆင့်ဆင့်တွင် တိုင်းရင်းသား ပေါင်းစုံရှိနေရန် အထူးလိုအပ်ပါတယ်။ သို့မှသာ နိုင်ငံတော်အတွက် အရေးအကြောင်းပေါ်လာရင် စစ်ဘက်၊ နယ်ဘက် တိုင်းရင်းသားမျိုးနွယ်များထဲမှ အကြီးအကဲများ ညှိနှိုင်းတိုင်ပင်၍ ပြဿနာတစ်ခုကို လွယ်ကူစွာ ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် လေးလေးနက်နက် ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာဓကအနေနဲ့ပြရရင် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သက်ဆင် လက်ထက်မှာ ထိုင်းကာကွယ်ရေးဦးစီးချုပ် လူနည်းစု မွတ်စလင် ဘာသာဝင် ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ထေရဝါဒဗုဒ္ဓဘာသာ အများဆုံးသက်ဝင်ယုံကြည်တဲ့ ရာခိုင်နှုန်း(၉၀) လောက် သက်ဝင်ယုံကြည်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ အိမ်နီးချင်း အိန္ဒိယနိုင်ငံကို ကြည့်မယ်ဆိုလို့ရှိရင်လည်း အိန္ဒိယတပ်မတော်မှာ ကြည်း၊ ရေ၊ လေ မှာ ကြည့်လိုက်ရင် ပန်ဂျပ်ပြည်နယ်က ဆစ်လူမျိုး၊ ပန်ချာပီလူမျိုးဟာ အများဆုံးနေရာ ရယူထားတာ တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံဟာ သန်းပေါင်း(၁၁၀၀)ကျော် ရှိတဲ့အထဲမှာ ပန်ဂျပ်ပြည်နယ်ဟာ လူဦးရေအားဖြင့် သန်းပေါင်း(၄၀)နီးပါးလောက်သာ ရှိပါတယ်။

သို့သော်လည်းပဲ သူတို့ရဲ့ အုပ်ချုပ်ရေးပိုင်းမှာလည်း ယခု လက်ရှိဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဟာ ဒါ ပန်ဂျပ်ပြည်နယ်က ဆစ်လူမျိုး ဖြစ်ပါတယ်။ လူမျိုးဘာသာမခွဲခြားဘဲ အရည်အချင်းရှိသူကို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ စစ်ဘက်၊ နယ်ဘက်တွေမှာ ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးအပ်တယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဆိုဗီယက်နိုင်ငံမှာလည်း ၁၉၉၀ တုန်းက၊ ၉၀ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးတဲ့အချိန်မှာ အဲဒီအချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ဟာ ကော့ဒ်ကေးရှပ်တောင်တန်းဒေသ ချေချင်းညာလူမျိုး ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံမှာ ဒါတွေကို နိုင်ငံရဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရန်အတွက် အလေးထား အတုယူ လေ့လာရမယ့် သင်ခန်းစာများ ဖြစ်ပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော် ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော် တင်ပြခဲ့တဲ့ တစ်နိုင်ငံလုံး န.တ.လကျောင်းတွေမှာ ခရစ်ယာန်လူငယ်တွေ ပညာသင်ကြားနိုင်ဖို့ ကျွန်တော် တင်ပြတာဟာ ယခုဆိုရင် အောင်မြင်တဲ့အတွက် အင်မတန်မှ တိုင်းရင်းသားပြည်သူများ ဝမ်းသာမဆုံးဖြစ်နေကြပါပြီ။ ၂၀၁၂-၂၀၁၃ စာသင်နှစ်ကစပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ န.တ.လ ကျောင်း (၂၉)ကျောင်းမှာ ကျွန်တော်တို့ ခရစ်ယာန်လူငယ်တွေအားလုံး ပညာသင်ကြားခွင့် ရှိပါတယ်။ ပြီးတော့မှ နယ်စပ်ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အရ ဒီယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်လို့ ဝန်ထမ်းများ ချုပ်ချယ်မှု လုံးဝမရှိရ၊ ချုပ်ချယ်လို့ရှိရင် ဝန်ထမ်းများကို ပြင်းထန်စွာ အရေးယူမယ်ဆိုတဲ့ ညွှန်ကြားချက်အထိပါ ထုတ်ပြန်ပြီးတော့မှ အခု အောင်မြင်စွာ အကောင်အထည် ဖော်နေတာ

တွေ့ရတဲ့ အတွက်ကြောင့်မိုလို့ ကျွန်တော် အားလုံး တိုင်းရင်းသားပြည်သူ အားလုံး ကိုယ်စား အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အလေးအနက် ဒီနေရာကနေ ပြောကြား လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးငယ်များမှာ လူမျိုးကြီးလို့ မမြင်အောင် ယုံကြည်စိတ်ချသံသယကင်းရှင်းအောင် တပ်မတော်မှာလည်း လူမျိုး၊ ဘာသာ အခြေမခံဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရာထူးတာဝန်ပေးအပ်နိုင်လျှင် နိုင်ငံတော်မှာ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီစနစ်နဲ့ သွားနေတဲ့ ဒီ(၂)နှစ်ကျော်ကာလအတွင်းမှာ ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ (၁) စစ်တက္ကသိုလ်၊ စစ်အင်ဂျင်နီယာ၊ စစ်ဆရာဝန်တက္ကသိုလ်များမှာ တိုင်းရင်းသားလူမျိုးများအလိုက် ယုံကြည်ကိုးကွယ်မှု ဘာသာနဲ့တကွ ယှဉ်တွဲပြီး အရေအတွက် မည်မျှ ရှိသည်ကို သိရှိလိုပါတယ်။ (၂) က ယခု လာမည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ စစ်တက္ကသိုလ် အသီးသီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လူမျိုးဘာသာ မခွဲခြားဘဲ သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံလျှင်တက်ရောက် ပညာသင်ကြားနိုင်ရန် အစီအစဉ် ရှိ/မရှိ။

တပ်မတော်တွင် ရာထူးအဆင့်အတန်း တိုးမြှင့်ရာတွင်လည်း လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသားမှန်လျှင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာ ရရှိစေရေးနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ ခေတ်မီပြီး အင်အားတောင့်တင်းတဲ့ ပြည်ထောင်စုတပ်မတော်၊ မျိုးချစ်မြန်မာ့တပ်မတော်ကြီးဖြစ်လာအောင် မျှော်မှန်း၍ တိုင်းရင်းသား ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြုသဘောဖြင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရိုန်းဘွေ ၏ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းကို အမျိုးသားလွှတ်တော်မှ ပေးပို့လာခဲ့ပါတယ်။

အကြောင်းအရာကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၂ ပါ အတိုင်း မြန်မာ့တပ်မတော်တွင်လည်း စစ်တက္ကသိုလ်များ၌ လူမျိုးဘာသာ မခွဲခြားဘဲ တက်ရောက် စေခြင်း၊ တပ်မတော်တွင် အရည်အချင်းရှိသူများ တိုင်းရင်းသားများထဲမှ ရာထူးအဆင့်ဆင့်တွင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်

ဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုရင် တပ်မတော်အနေဖြင့် စစ်တက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်နှင့် တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းများ အတွက် စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ ခေါ်ယူခန့်ထားလျက်ရှိပါတယ်။

၎င်း စစ်မှုထမ်း စည်းမျဉ်းများတွင် ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ အမျိုးသား(လူပျို)ဖြစ်ရမည်ဟု ဖော်ပြထားရှိပြီး ဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုးများအားလုံး အကျုံးဝင်ပြီး ဖြစ်ပါတယ်။ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ပြီးဖြစ်သည့် အရာရှိများကို သတ်မှတ် စည်းကမ်း၊ ဥပဒေများနှင့် ကိုက်ညီပါက လူမျိုးဘာသာ မခွဲခြားဘဲ အဆင့်တိုးမြှင့်ရေးကိစ္စများကိုလည်း ရာထူးခန့်ထားရေး မူဝါဒနှင့်အညီ ခန့်ထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ဗိုလ်လောင်းများ ရွေးချယ်ခေါ်ယူရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး ဘာသာမရွေး ပါဝင် လျှောက်ထားနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခဲ့ပြီး လူမျိုးဘာသာမခွဲခြားဘဲ ဗိုလ်လောင်းများအား နှစ်စဉ် ရွေးချယ်ခေါ်ယူခဲ့သဖြင့် တိုင်းရင်းသား ဗိုလ်လောင်းများအား တပ်မတော်တက္ကသိုလ်(၃)ခု တွင် သင်တန်းတက်ရောက်လျက် ရှိပါကြောင်းနဲ့ တပ်မတော် (ကြည်း၊ ရေ၊ လေ) တွင်လည်း လက်ရှိ တာဝန်ထမ်းဆောင်ဆဲ တိုင်းရင်းသားအရာရှိများ ခန့်အပ်ထားရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြား မှုမရှိစေရဟု ပြဋ္ဌာန်းပါရှိပါတယ်။ ပုဒ်မ ၃၅၂ မှာတွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထား ရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားခြင်းမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရဟု ပြဋ္ဌာန်းပါရှိပါတယ်။ တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုလက်ရှိ မြန်မာ့ တပ်မတော်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းပါဝင်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း ပြောကြားရင်း ကျွန်တော်၏ ဖြေကြားချက်အား နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ပိုးသတ်ဆေးကင်းစင်ပြီး သန့်ရှင်းသောရေဖြင့် အစားထိုးပေးဝေသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဒွေးရယ် က ကယား ပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ပိုးသတ်ဆေးကင်းစင်ပြီး သန့်ရှင်းသောရေဖြင့် အစားထိုး ပေးဝေသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်တောင်ပိုင်းဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်နဲ့ ကျေးရွာများဟာ အင်းလေးကန်အတွင်းမှ ထွက်ရှိလာတဲ့ ဘီလူးချောင်းရေကိုသာ အဓိကထားသုံးစွဲလျက် ရှိပါတယ်။ ယခုအခါမှာ အင်းလေးကန် အတွင်းမှာရှိတဲ့ ကျွန်းမျောလေးများပေါ်မှာ စိုက်ပျိုးရေးကို အကျယ်တဝင့် စိုက်ပျိုးလာကြပြီး စိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ အလွန်အကျွံ သုံးစွဲလာတဲ့အတွက်ကြောင့်မိုလို့ ပိုးသတ်ဆေးရည်များ ဓာတ်မြေသြဇာများမှာပါတဲ့ ဓာတုဆေးရည်များဟာ အင်းလေးကန်အတွင်းထဲကို ပျော်ဝင်ကျရောက်ပြီးတော့ ရေကိုညစ်ညမ်းစေပါတယ်။ အဲဒီရေကို သောက်သုံးရသူ (၇၀)ရာခိုင်နှုန်းရဲ့ သွေးထဲမှာ ပိုးသတ်ဆေး ပါဝင်မှုတွေ တွေ့နေရကြောင်းသိရှိရပါတယ်။

ယခင်က ဘီလူးချောင်းရေဟာ သောက်ရေသန့် ပြုလုပ်ဖို့အတွက် အကောင်းဆုံးဖြစ်ခဲ့ပေမယ့်လည်း ယခုအခါမှာ သောက်သုံးရန်အဆင့် မရှိတော့ကြောင်း လေ့လာသိရှိရပါတယ်။ ညစ်ညမ်းနေတဲ့ ရေကိုရေရှည်သောက်သုံးမိပါက မမျှော်မှန်းနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးများ ရှိတာကြောင့် ယခင်က လွိုင်ကော်မြို့ရေပေးဝေရေးအတွက် ရှမ်းပြည်တောင်ပိုင်းမှာ ချောင်းဖျားခံထားတဲ့၊ ပြီးတော့ စီးဆင်းလာတဲ့ တဘက်ချောင်းခေါ်တဲ့ ထီးစခန်းချောင်းရေကို အသုံးပြုဖို့ အစီအစဉ် ရှိခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။ အဲဒီတုန်းက လျှပ်စစ်မီးလိုင်းများ ရရှိခြင်း မရှိသေးတဲ့အတွက်ကြောင့်မိုလို့ ဒီအစီအစဉ်လေး ပျက်ပြားသွားရတယ်လို့ သိရှိရပါတယ်။

ယခုအခါမှာ လျှပ်စစ်မီးလိုင်းများဟာ ရရှိနေပြီဖြစ်တဲ့အတွက်ကြောင့်မိုလို့ ၎င်းချောင်းရေကနေ ပိုက်ရေတင်စနစ်နဲ့ ရေပေးဝေနိုင်မယ်ဆိုပါက လွိုင်ကော်မြို့အတွင်းမှာရှိတဲ့ ကျေးရွာများအားလုံးနီးပါးသော်လည်းကောင်း၊ လွိုင်ကော်မြို့ရဲ့ မြောက်ဘက်ခြမ်းမှာရှိနေတဲ့ တပ်ရင်း၊ တပ်ဖွဲ့

များစွာကိုသော်လည်းကောင်း ရေပေးဝေနိုင်တော့မှာဖြစ်ပြီးတော့ သန့်ရှင်းတဲ့ ရေကိုသောက်သုံးရမှာဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်မီး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့ရန်အတွက် ရေအားလိုနေတဲ့ ဘီလူးချောင်းရေကိုပါ အားဖြည့်ပေးရာ ရောက်မှာလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်သူများရဲ့ ရေရှည်ကျန်းမာရေးကို ရှေးရှုပြီး လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးကျေးရွာအုပ်စု ထီးစခန်း တစ်ဖက်ချောင်းက ရေနဲ့ လွိုင်ကော်မြို့ အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာများကို ရေပေးဝေသွားဖို့ အစီအစဉ် ရှိ/မရှိကို သိရှိလိုတဲ့အတွက် ကြောင့်မို့လို့ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်းက မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာအုပ်စု၊ ထိန်အင်း ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာအုပ်စု၊ ထိန်အင်းကျေးရွာဟာ ဧရာဝတီမြစ် အနောက်ဘက်ကမ်း (၁၀)မိုင်ခန့် ကွာဝေးပါတယ်။ ခရီးသွားလာရာမှာ တောင်တန်းတွေ စဉ်နေတဲ့ အတွက် မြေပြန့်မဟုတ်ဘဲ တောင်ဆင်းတောင်တက် ခရီးများသာဖြစ်ရာ လှည်းလမ်းနှင့် ခြေလျှင်လမ်းများ ကိုသာ အသုံးပြုနေရပါတယ်။ လမ်းပန်းဆက်သွယ်ရေး အထူးပင်ခက်ခဲလှပါတယ်။

အထူးသဖြင့် ဆင်ပေါင်ဝဲမြို့နယ် ဧရာဝတီမြစ်အနောက်ဘက် ကျေးရွာအုပ်စုများသည် ကျန်းမာရေးကဏ္ဍတွင် များစွာ အဆင့်အတန်း နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အရေးပေါ်လူနာများ ကုသရန်အတွက် (၁၀)မိုင်ခန့်ဝေးသော ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနနှင့် ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ထမ်းစင်များဖြင့် ပင်ပန်းခက်ခဲစွာ

သွားရောက် ကုသနေရပါတယ်။ သို့သော် လမ်းခရီးသည် တောင်ဆင်းတောင်တက်ခရီးစဥ် ဖြစ်တဲ့ အတွက် အချိန်များစွာ ကြာမြင့်ရာ အချို့လူနာများ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရပါတယ်။ အထူးသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြစ်ကူးချောင်းခြားဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ အခက်အခဲများကြောင့် ထိန်အင်းကျေးရွာအုပ်စုနှင့် အခြားပတ်ဝန်း ကျင်ကျေးရွာများဖြစ်သော ကုတင်ကြီး၊ ယင်းအိုင်၊ ကလန်ဆည်၊ ကန်လည်ကုန်း၊ ချောင်းသာ၊ စွယ်ကျိုး၊ ကရကတ် စတဲ့ကျေးရွာ မိဘပြည်သူများက ထိန်အင်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် ဆင်ပေါင်ဝဲမြို့နယ် လွှတ်တော် ကိုယ်စားလှယ်များထံသို့ တင်ပြခဲ့ကြပါတယ်။

ခရိုင်တွင်သရက်၊ မြို့နယ်တွင် ဆင်ပေါင်ဝဲမြို့တို့ဟာ ဖွံ့ဖြိုးမှု နောက်အကျဆုံးဖြစ်နေ ကြောင်း အမျိုးသားလွှတ်တော်တွင် ကျွန်တော်တစ်ကြိမ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ မြို့ရဲ့တည်နေရာ ချောင်ကျသဖြင့် ပြည် - တောင်တွင်းကြီး ကားလမ်းဘေးကပ်လျက် တည်ရှိသော ကျေးရွာများမှအပ မြို့နယ်အတွင်းရှိ ကျေးရွာအများစုမှာ လမ်းပမ်းဆက်သွယ်ရေးကဏ္ဍမှသည် ကျန်းမာရေးကဏ္ဍ အဆုံး အထွေထွေခေတ်နောက်ကျလျက်ရှိပြီး ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်နေပါသဖြင့် ထိန်အင်းကျေးရွာ အုပ်စု၊ ထိန်အင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ပေးသွားရန် အစီအစဥ် ရှိ/မရှိ၊ (ခ) အစီအစဥ် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စီစဥ် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကယား ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးရယ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လွိုင်ကော်မြို့အတွင်းမှာ ရပ်ကွက်/ကျေးရွာများရှိ ပြည်သူလူထု သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လွိုင်ကော်မြို့အတွင်းမှာ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ ဘီလူးချောင်းရေကိုအသုံးပြုပြီး သောက်သုံး

ရေ ပေးဝေဖြန့်ဖြူးလျက်ရှိပါတယ်။ အဆိုပါဘီလူးချောင်းရေကို ၉-၆-၂၀၁၂မှာခတ်ခွဲ စစ်ဆေးခဲ့တဲ့ စစ်ဆေးတွေ့ရှိချက်များအရ ရေရဲ့ အရည်အသွေးအခြေအနေမှာ PH 8.8 ကျွန်တော်တို့ သတ်မှတ်ချက် သည် ၆.၅ မှ ၈.၅ ဖြစ်တဲ့အတွက် အနည်းငယ် များတာတွေ့ရမှာ ဖြစ်ပါတယ်။ နောက်ကျိမှုလို့ ခေါ်တဲ့ (Turbidity) သည် 36 Nephelo-metric Turbidity Unit လို့ခေါ်တဲ့ NTU က ၃၆ ဖြစ်နေတဲ့အတွက် များပြားနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကျန်ရှိနေတဲ့ ပျော်ဝင်မှုနှုန်းများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ခွင့်ပြု ထားတဲ့ စံနှုန်းများအတွင်းရှိပြီးတော့ သုံးစွဲသူရဲ့ ကျန်းမာရေး ထိခိုက်နိုင်တဲ့ အခြေအနေမှာ မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သို့သော် ခုန ကျွန်တော် အဆိုပြုခဲ့တဲ့ နောက်ကျိမှုခေါ်တဲ့ (Turbidity) များပြားနေတဲ့ ကိစ္စကိုတော့ အနေးသဲစစ်ရေကန်နဲ့ သန့်စင်နိုင်တာ ဖြစ်တဲ့အတွက် ဘီလူးချောင်းကနေ ပြီးတော့ ရေစက်ရုံ (၄)ရုံနဲ့ ရေပေးဝေလျက်ရှိတဲ့ မိုင်းလုံ၊ ဒေါ်ဥချု၊ နာနတ်တောနဲ့ နန့်ကွတ်(၄)ဇုံမှာ အနည်ထိုင်စေရန် အနေးသဲရေစစ်ကန်များ တည်ဆောက်နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရရဲ့ ODA အကူအညီ (၁၄၁၀)သန်းကို ရယူဆောင်ရွက်ရန် စီမံကိန်း ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ODA အကူအညီရမယ် ဆိုလို့ရှိရင်တော့ ၂၀၁၄ ခုနှစ်မှာစတင် ဆောင်ရွက်သွားမည် ဖြစ်ပြီး စီမံကိန်းကာလသည် (၁၈)လခန့် ကြာမြင့်မယ်လို့ မှန်းပါတယ်။ ဒါကြောင့်မိုလို့ စီမံကိန်း ပြီးစီးသွားမယ်ဆိုရင် ဘီလူးချောင်း ရေရဲ့ရေဟာ ယခုထက် ပိုမိုသန့်ရှင်းတဲ့ သောက်သုံးရေကို ပေးဝေနိုင်မှာ ဖြစ်ပြီးတော့ ရေအရည်အသွေး စစ်ဆေးခြင်းကိုလည်း တစ်နှစ်လျှင်နှစ်ကြိမ် စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေသန့်စင်မှုစနစ် ပိုမိုကောင်းမွန်အောင် လေ့လာဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ မေးခွန်းထဲမှာပါရှိတဲ့ ထီးစဲခါးချောင်း ခေါ်တဲ့ နန့်တဘက်ချောင်းက ရေပေးဝေနိုင်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ထီးစဲခါးချောင်းခေါ်တဲ့ နန့်တဘက် ချောင်းဟာ လွိုင်ကော်မြို့နဲ့ (၁၆)မိုင်ကွာဝေးပြီးတော့ ထီးစဲခါးသည် လွိုင်ကော်မြို့ အောက် (၃၄၅)ပေအနိမ့်မှာ တည်ရှိပါတယ်။ မိုးတွင်းကာလမှာ ရေထုထည်စီးနှုန်း (၅၀၀)ကျူးဆက် ဖြစ်ပြီးတော့ နွေရာသီမှာ (၁၅၀)ကျူးဆက်ခန့် စီးဆင်းလျက်ရှိပါတယ်။

ကယားပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ၎င်းချောင်းမှ လွိုင်ကော်မြို့သို့ သောက်သုံးရေ သွယ်ယူမည် ဆိုပါက ချောင်းတမံ ပိတ်ခြင်း၊ ပိုက်လိုင်း သွယ်ယူခြင်း၊ မော်တာနှင့် ပန့်များ ဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်သဖြင့် စီမံကိန်း ရေးဆွဲဆောင်ရွက်မည်ဆိုလျှင် နှစ်ကာလအတန်ကြာမှ ပြီးစီးမည်ဖြစ်ပြီးတော့ ဘီလူးချောင်းရေအား ရေအရည်အသွေး အဆင့်မြှင့် တဲ့ ကုန်ကျစရိတ်ထက်ပိုမိုပြီး ကုန်ကျမှာဖြစ်ပါတယ်။

ထီးစဲခါးချောင်းခေါ်တဲ့ နန့်တဘက်ချောင်းမှ လွိုင်ကော်မြို့သို့ သောက်သုံးရေ သွယ်ယူမယ် ဆိုလျှင် အသုံးပြုရေပမာဏအားဖြင့် လုံလောက်မှုရှိနိုင်သော်လည်းပဲ ဆက်သွယ်ရမည့် ခရီးမိုင် ကွာဝေးခြင်း၊ တောင်ကုန်းတောင်တန်းများ ဖြတ်ကျော်ရခြင်းတို့ကြောင့် ရေသွယ်ယူရန် အခက်အခဲများ ရှိလာပါသဖြင့် လတ်တလောအခြေအနေမှာ ဆောင်ရွက်ရန် မဖြစ်သေးကြောင်း လေ့လာချက်များ အရ စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ ဘီလူးချောင်းရေ သန့်ရှင်းကောင်းမွန်စေရေးအတွက် ပြည်သူအများမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ရာ သန့်ရှင်း၍ ကောင်းမွန်သော ရေအရည်အသွေးရရှိစေရန် ချောင်းဘေးဝဲ/ယာ ကျေးရွာများမှ ချောင်းအတွင်းသို့ အမှိုက်စွန့်ပစ်ခြင်း၊ ချောင်းကမ်းအနီးတဝိုက်တွင် ရေအိမ်များတည်ဆောက်ခြင်း၊ ချောင်းအတွင်းသို့ ရေဆိုးများ စွန့်ထုတ်ခြင်းများ တိုက်ရိုက်မပြုလုပ်စေရန် စည်ပင်သာယာရေး ဥပဒေစည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်၍ ကြပ်မတ်ထိန်းသိမ်းခြင်းများကို ကယားပြည်နယ် အစိုးရအဖွဲ့က ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဘီလူးချောင်းရေမှာ ပိုးသတ်ဆေးပါဝင်မှုကို ပုံမှန်(၁)နှစ်လျှင် (၂)ကြိမ်နဲ့ အခါအားလျော်စွာ တိုင်းတာစစ်ဆေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် တွေ့ရှိချက်များအပေါ်မှာ သက်ဆိုင်ရာ ဒေသအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေရှင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်အဆင့်မြှင့်ရန် လိုအပ်ချက်များနဲ့ ကိုက်ညီတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားပြီးဖြစ်ပါ၍ ဆက်လက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ် အတွင်းရှိ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ကြသော အသေးစားရေအားလျှပ်စစ်လုပ်ငန်းအား အစိုးရမှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ကြသော အသေးစား ရေအားလျှပ်စစ်လုပ်ငန်းအား အစိုးရမှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်အတွင်းမှာရှိနေတဲ့ ကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်နဲ့ မိမိတို့ကျေးရွာအနီး အနားမှစီးဆင်း

သွားတဲ့ ချောင်းများမှတစ်ဆင့် မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြတဲ့ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံလုပ်ငန်းအား အစိုးရမှ ကြီးကြပ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မှာ ကျေးရွာပေါင်း(၁၃၀၀)ခန့်ရှိပြီးတော့ အကြမ်းအား ဖြင့် ကျေးရွာပေါင်း(၃၀၀)ကျော်ခန့်အား ကိုယ်ထူကိုယ်ထစနစ်နှင့် အသေးစား ရေအားလျှပ်စစ် စနစ်ဖြင့် မီးရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၄င်းတို့ ကျေးရွာထဲမှာ အစိုးရမှ တည်ဆောက် ပေးသော ရေအားလျှပ်စစ်ဓါတ်အားမှ ဖြန့်ဝေပေးသော ကျေးရွာအနည်းအကျဉ်း ရှိမှာဖြစ်ပါတယ်။ ၄င်းအစိုးရ ဓာတ်အားပေးစက်ရုံမှ ဖြန့်ဝေသော ကျေးရွာများအတွက်ကိုတော့ ဘာမှဆွေးနွေး တင်ပြခြင်း မပြုလုပ်လိုပါဘူး။ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ခဲ့ကြသော ကျေးရွာများမှ မီးပုံမှန်ရရှိရေးအတွက် နှစ်စဉ်နဲ့အမျှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ပစ္စည်းထပ်မံ လဲလှယ်ရေးလုပ်ငန်းများ ပြုပြင်ပေးသော ပညာရှင်များ၊ ငှားရမ်းတဲ့ လုပ်ငန်းများအတွက် ရန်ပုံငွေ စုဆောင်းခြင်းဟာ ပိုကြာလေလေ၊ ဒုက္ခရောက်လေလေဖြစ်ပြီး မိမိတို့ တည်ဆောက်ခဲ့သော ရေအားလျှပ်စစ်ဓာတ်အားထိန်းသိမ်းရန် ခက်ခဲမှုရှိကြောင်းကို လေ့လာသိရှိရပါတယ်။

ကျေးရွာပြည်သူလူထုတို့ရဲ့ ဆန္ဒဟာ မိမိတို့ အသေးစားရေအားလျှပ်စစ် ကောင်းမွန်ရေး အတွက် အစိုးရမှ ကူညီပံ့ပိုးပေးဖို့ လိုလားနေကြပါတယ်။ အပိုပစ္စည်းလဲလှယ်ရန် ပစ္စည်းတန်ဖိုးများ တပ်ဆင်ပြုပြင်ပေးသော ပညာရှင်များ၏ ကုန်ကျစရိတ်လုပ်အားခ Maintenance လုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အစိုးရရန်ပုံငွေ ဘတ်ဂျက်ထဲမှ ကျခံသုံးစွဲပေးရေးအထိ ကိုယ်ထူကိုယ်ထမှ အစိုးရကြီးကြပ်ကူညီပံ့ပိုးသော လုပ်ငန်းတစ်ခုအထိ ဖြစ်နိုင်ရေးအတွက် လိုလား လျက်ရှိကြပါတယ်။ ဆိုလိုတာကတော့ ကျေးရွာရေအားလျှပ်စစ်ပေးစနစ်ဟာ ပိုမိုပြီး စနစ်ကျစေရေး၊ ပိုမိုပြီး လူထုအတွက်အကျိုးရှိစေရေး၊ မီးပေးစနစ် ပိုမိုမှန်ကန်ရေး စသည့် မျော်မှန်းချက်များကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကိုယ်ထူကိုယ်ထစနစ်နှင့် တည်ဆောက်ခဲ့ကြသော ကျေးရွာအသေးစား ရေအားလျှပ်စစ်အား အစိုးရမှ ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက ဘယ်ဘဏ္ဍာရေးနှစ်မှစ၍ ကူညီပံ့ပိုးပေးနိုင်မည်ကိုလည်းကောင်း၊ ကူညီ ပံ့ပိုးရန် အစီအစဉ် မရှိပါက ကျေးရွာများရဲ့ အခက်အခဲများ ဖြေရှင်းနိုင်ရန်အတွက် ဖြစ်နိုင်သော နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာပြည်သူ လူထုရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်း (မြောက်ဘက်ရွာ) မှာ ပင်လယ်လှိုင်းရေ တိုက်စားသဖြင့် ပျက်စီးနေသည့် ကမ်းခြေအား ပြုပြင်ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်း မြောက်ဘက်ရွာမှာ ပင်လယ်လှိုင်းရေ တိုက်စားသဖြင့်

ပျက်စီးနေသည့် ကမ်းခြေအား ပြုပြင်ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင်မှ ရိုသေစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်းမြောက်ဘက်(မြောက်ရွာ)မှာ ပင်လယ်လှိုင်းခတ် တိုက်စားသဖြင့် ပျက်စီးနေသည့် ကမ်းခြေအား ပြုပြင်ကာကွယ် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်ဟာ မာန်အောင်ကျွန်း၊ ရဲကျွန်းနဲ့ တိုက်ကျွန်းတို့ ပါဝင်တဲ့ ကျွန်းစုမြို့နယ်တစ်ခု တစ်မြို့နယ် ဖြစ်ပါတယ်။ မာန်အောင်မြို့နယ် ကျေးရွာအုပ်စု(၃၀) အုပ်စုနဲ့ မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်တို့ ပါဝင်ပါတယ်။ မာန်အောင်မြို့နယ်ရဲ့ အဓိက စီးပွားရေး လုပ်ငန်းမှာ ရေလုပ်ငန်း၊ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်း၊ ဆေးရွက်ကြီး၊ အုန်းသီး၊ ကွမ်းသီး၊ ကြက်သွန်နဲ့ အခြား ဥယျာဉ်ခြံမြေထွက် သီးနှံများ စိုက်ပျိုးခြင်း၊ ကျွဲ၊ နွားနှင့် အခြားတိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ ရဲကျွန်းဟာ မာန်အောင်ကျွန်းရဲ့ အရှေ့ဘက်(၆)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ကျွန်းပေါ်မှာ တောင်ရွာနှင့် မြောက်ရွာဟူ၍ ရွာ(၂)ရွာ တည်ရှိပါတယ်။ ကျွန်းပေါ်မှာ နေထိုင်လျက်ရှိတဲ့ လူများဟာ ရေလုပ်ငန်း၊ ဆန်စပါး စိုက်ပျိုးခြင်း၊ ကြက်သွန်နီ၊ အုန်းသီး၊ ကွမ်းသီးစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်လျက်ရှိပါတယ်။ ရဲကျွန်းဟာ ဘင်္ဂလားပင်လယ်အော်အတွင်း အကာအကွယ်မဲ့စွာ တည်ရှိတဲ့ ကျွန်းလွတ်တစ်ကျွန်း ဖြစ်တဲ့အလျောက် ပင်လယ်လှိုင်းရေများ၏ တိုက်ခတ်မှုကို အမြဲခံနေရသော ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။

အထူးသဖြင့် မိုးတွင်းကာလများမှာ မိုးရွာပြီး လှိုင်းတိုက်ခတ်တဲ့အတွက် ကမ်းပြိုပြီး လူနေအိမ် အဆောက်အအုံများ၊ သစ်ပင်များ၊ လယ်ယာဥယျာဉ်စိုက်ပျိုးခင်းများ အမြဲတမ်းလိုလို ပြိုကျ ပျက်စီးလျက်ရှိပါတယ်။ အထူးသဖြင့် မြောက်ဘက်ရွာ၊ မြောက်ဘက်ရွာတွင် ဒီလို ပင်လယ်လှိုင်းရေ တိုက်စားမှုကြောင့် တစ်နေ့လျှင် လူနေအိမ်ခြေ(၁၀)ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး စာသင်ကျောင်း၊ ဆေးပေးခန်းတို့မှာ ပင်လယ်ရေနက်ထဲသို့ မျောပါသွားကြပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။ လူသွားလမ်းမှာလည်း ပင်လယ်ရေ တိုက်စားမှုကြောင့် ပျက်စီးနေပြီး သွားလာမှု ခက်ခဲလျက်ရှိကြောင်း သိရပါတယ်။ ဤကဲ့သို့ ပင်လယ်ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် အလျား(၄)ဖာလုံခန့် ရှည်လျားသော ကျောက်ကန်သင်းတာဘောင် ပြုလုပ်၍ တားဆီးရမှာ ဖြစ်တဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ ကိုယ်ထူကိုယ်ထ ပြုလုပ်၍ ရနိုင်မည် မဟုတ်ပါ။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ မြောက်ဘက်ကျေးရွာ ပင်လယ်ရေ တိုက်စားသဖြင့် ပျက်စီး

နေသည့် ကမ်းခြေအား ပြုပြင်ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့် အချိန်တွင် စတင်ပေးမည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးအောင်သိန်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်မှာ မီးမလင်းသေးတဲ့ကျေးရွာ ပေါင်း(၁၀၃၅)ရွာ ကျန်ရှိနေပါကြောင်း အဆိုပါကျေးရွာများ မီးလင်းနိုင်ရေးအတွက်ကို နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အသစ်တည်ဆောက်သည့်လုပ်ငန်းများကိုသာ ဦးစားပေးပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ရှိတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများအနေနဲ့ သဘာဝဘေးအန္တရာယ်များ ဖြစ်တဲ့ ရေကြီး၊ မြေပြို၊ မီးလောင်ခြင်းစသည့် အန္တရာယ်များအတွက် ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါက ပြည်နယ်အစိုးရမှ စိစစ်ပြီးတော့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ရေးဆွဲပြီးတော့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မီးလင်းပြီး ကျေးရွာများရဲ့ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို မိမိကျေးရွာမီးလင်းရေး ကော်မတီများမှ ဆောင်ရွက်သွားရန်နှင့် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာများအားလုံး မီးလင်းရေး ဆောင်ရွက်ပြီးမှသာ ဘတ်ဂျက်အခြေအနေပေါ် မူတည်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း များကို တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်းမြောက်ဘက်ရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလျား(၁၅၀)ပေရှိ ကျောက်ဖြည့်ရေကာ(၃)ခုကို ပြည်နယ်အစိုးရရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စတင်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမြတ်ဟိန်း (ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်း တွေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရတနာပုံတယ်လီပို့တို့မှ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းဟာ အစိုးရဌာန ဖြစ်ပါတယ်။ ရတနာပုံတယ်လီပို့ဟာ အများနှင့်မသက်ဆိုင် သော ကုမ္ပဏီ ဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ Operator လုပ်ငန်းအပြင် အခြေခံ အဆောက်အအုံ (Infrastructure) တည်ဆောက်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရပါတယ်။ Infrastructure ဆိုတဲ့နေရာမှာ Fiber Cable များ ခင်းခြင်း၊ တာဝါတိုင်များ စိုက်ထူခြင်း စသည့် လုပ်ငန်းများ ဆိုလိုခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်မှ ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေနဲ့သာ ဆောင်ရွက်ရပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ တယ်လီဖုန်းသိပ်သည်းဆ Telephone Density ဟာ (၇.၀၈)ရာခိုင်နှုန်း သာ ရှိပါတယ်။ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ (၅၀)ရာခိုင်နှုန်း၊ လာအိုမှာ (၇၂)ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှာ (၁၂၃)ရာခိုင်နှုန်း၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့မှာ (၇၈)ရာခိုင်နှုန်းခန့် အသီးသီး ရှိကြပါတယ်။ အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံမှာဆိုလို့ရှိရင်လည်း Teledensity ဟာ (၇၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေနဲ့ယှဉ်လို့ရှိရင် မိမိနိုင်ငံနဲ့ Teledensity ဟာ ကွာဟချက်များနေတယ် ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယနေ့ခေတ်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာ တိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူ ဖြစ်သလို လူတစ်ဦးချင်းစီရဲ့ လူနေမှုဘဝ Quality of Life ကို လည်း တိုးတက်မြင့်မားစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ Mobile Teledensity တိုးတက်မြင့်မားလာစေရေး မြို့ပေါ်မှာသာမက ကျေးလက်တောရွာ

နယ်စပ်ဒေသများအထိ ဆက်သွယ်မှုကွန်ယက် တည်ဆောက်နိုင်ရေးတို့ကို ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ Teledensity ကို (၂၇)ရာခိုင်နှုန်း၊ ၂၀၁၄ -၂၀၁၅ မှာ (၅၀)ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ မှာ (၇၅)ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းထိ တိုးမြှင့်ရန် လျာထားပါတယ်။ ဒါ့အပြင် အရည်အသွေးပိုမိုကောင်းမွန်ပြီး အများပြည်သူတို့အတွက် သင့်လျော်သော နှုန်းထားဖြင့် ရောင်းချရန် ဝန်ဆောင်မှု ကောင်းမွန်စေရေးကိုလည်း ရည်မှန်းဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်ဆင့်သော မူဝါဒများ ချမှတ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဥ်များ ချမှတ်ဆောင်ရွက်မှုအပေါ် နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း အသိအမှတ်ပြုကာ ပူးပေါင်းဆောင်ရွက်မှုတွေ၊ အကြံဉာဏ်ပေးမှုတွေ၊ အကူအညီပေးမှုတွေကို ဆောင်ရွက်လာကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုအတွက် World Bank , ITU လို့ ခေါ်တဲ့ (International Telecommunication Union) စတဲ့ အဖွဲ့အစည်းတွေကလည်း စဥ်ဆက်မပြတ် ထိတွေ့ဆက်ဆံပြီးတော့ ပူးပေါင်းဆောင်ရွက်မှု ကူညီပေးမှုတွေကို ဆောင်ရွက်လာကြတာပါ။

အထက်က တင်ပြခဲ့တဲ့အတိုင်း တယ်လီဖုန်းဆက်သွယ်ရေးမှာ အရည်အသွေး ကောင်းရမယ်၊ သင့်တော်သော နှုန်းထား ဖြစ်ရမယ်၊ Teledensity ကလည်း တိုးမြှင့်ရမယ်။ ဒါ့အပြင် နိုင်ငံတကာ စံချိန်စံနှုန်းနဲ့ ကိုက်ညီအောင်လည်း ဆောင်ရွက်ရမယ်။ နောက် သတ်မှတ်တဲ့အချိန် အတွင်းမှာလည်း ပြီးစီးအောင် ဆောင်ရွက်မယ် စတဲ့ လုပ်ငန်းတွေကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတစ်ခုတည်းနဲ့ နိုင်ငံတော်ဘဏ္ဍာတစ်ခုတည်းနဲ့ ဆောင်ရွက်ရန် အခက်အခဲ ရှိပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာ အဓိက လိုအပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပက ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေတဲ့ Operator များကို ဖိတ်ခေါ်ဖို့ စီမံခဲ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းပြည်ပက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေရဲ့ Operator တွေနဲ့ ကုမ္ပဏီတွေကို အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရာမှာ အပြည်ပြည်ဆိုင်ရာ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာ ရှိစေရန်အတွက် Telecommunication Tender Consultant ကုမ္ပဏီအဖွဲ့အစည်းများကို နိုင်ငံပိုင်သတင်းစာများမှာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ဇူလိုင်လ ၁၁ ရက်နေ့အထိ တင်ဒါ ခေါ်ယူခဲ့ပါတယ်။ သတင်းစာများအပြင် နိုင်ငံတကာရှိ မြန်မာနိုင်ငံသံရုံးများမှာလည်း ကြေညာခဲ့ပါတယ်။ တင်ဒါ ပိတ်သိမ်းတဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့အထိ ပြည်တွင်းပြည်ပ အဖွဲ့အစည်းပေါင်း(၆၄)ခုတို့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ကြပါတယ်။

အဆိုပြုလွှာတွေကို စနစ်တကျ ရွေးချယ်အတည်ပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးသို့ Communication Consultant စိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန် တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး အဖွဲ့ဝင်(၇)ဦးပါဝင်တဲ့ Communication Consultant စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီအဖွဲ့အနေနဲ့ ITU မှ ကျွမ်းကျင်ပညာရှင်(၂)ဦး အပါအဝင် ဝန်ကြီးဌာနမှ အရာရှိကြီးများနဲ့ ညှိနှိုင်းဆွေးနွေးကာ ရွေးချယ်ရေးအတွက် အခြေခံ ထားရှိရမယ့် Criteria များ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆင့်ဆင့်စိစစ် ရွေးချယ်ခဲ့ရာမှာ နောက်ဆုံး

Roland Berger Strategy Consultant အဖွဲ့ကို အတည်ပြု ရွေးချယ်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့မှာ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနဲ့ Roland Berger Strategy Consultant တို့ နိုင်ငံတကာတင်ဒါ ခေါ်ဆိုရာမှာ အကြံပြု လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍနဲ့ ICT ကဏ္ဍမှာ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ဝင်ရောက်ယှဉ်ပြိုင် ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရေးကို ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် Telecommunication Operator တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းရေး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာမှာ နိုင်ငံတော်သမ္မတရုံးအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဆက်အောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ အဖွဲ့ဝင် (၈)ဦးပါတဲ့ Telecommunication Operator တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ Telecommunication Operator တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီဟာ Roland Berger Strategy Consultant နဲ့ ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတကာ တင်ဒါခေါ်ယူတဲ့ ကျင့်ထုံးများနဲ့အညီ ရွေးချယ်ရေးဆိုင်ရာ Criteria များ ချမှတ်ခြင်း၊ အမှတ်ပေးဇယားများ ပြုစုခြင်း၊ အချိန်ဇယား သတ်မှတ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်နေ့စွဲဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှစ်ခု တင်ဒါအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest) EOI ကို Telecommunication Operator တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီကနေ နိုင်ငံပိုင်သတင်းစာများမှလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး Website မှလည်းကောင်း ကြေညာခဲ့ပါတယ်။ မူလက ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့ ညနေ(၃)နာရီမှာ တင်ဒါပိတ်ရန် ရှိသော်လည်း လျှောက်ထားတဲ့ ကုမ္ပဏီများ အချိန်ရရှိရန်အတွက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ကြောင်းကိုလည်း ဆက်လက်ကြေညာခဲ့ပါတယ်။ EOI ရဲ့ လျှောက်လွှာ ပိတ်သိမ်းချိန်မှာ ပြည်တွင်းပြည်ပ လျှောက်လွှာပေါင်း (၉၁)စောင် လက်ခံရရှိခဲ့ပါတယ်။ Telecommunication Operator တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ လျှောက်လွှာများကို စိစစ်ခဲ့ပြီး Pre - qualification ဖြစ်တဲ့ လျှောက်လွှာ(၂၂)စောင်ကို ရွေးချယ်အတည်ပြုခဲ့ပါတယ်။

ဆက်လက်ပြီးတော့ စိစစ်မှုများ ပြုလုပ်ခဲ့ရာမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှာ Pre - qualification အောင်မြင်တဲ့ တင်ဒါ(၁၂)စောင်ကို ရွေးချယ်အတည်ပြုခဲ့ပါတယ်။ Pre - qualification အောင်မြင်တဲ့ တင်ဒါ (၁၂)စောင်ရဲ့ အမည်စာရင်းများကိုလည်း သက်ဆိုင်ရာ ကုမ္ပဏီတစ်ခုချင်းဆီသို့ တရားဝင် အကြောင်းကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ Website မှာ ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ Pre - qualification အောင်မြင်တဲ့ ကုမ္ပဏီများရဲ့ နောက်ဆုံးအဆင့် တင်ဒါများကို ဖွင့်ဖောက် စိစစ်လက်ခံခဲ့ပါတယ်။ အောင်မြင်သူ (၁၂)ဦးနဲ့ (၁၁)ဦးသာ တင်ဒါ တင်သွင်းခဲ့ကြပါတယ်။

တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီဟာ နောက်ဆုံးဆင့် တင်လာတဲ့ တင်ဒါ(၁၁)စောင်ကို စိစစ်ပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ယမန်နေ့က မြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိတဲ့ ကုမ္ပဏီနှစ်ခုရဲ့ အမည်စာရင်းကို ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လက်ရှိတည်ဆဲဥပဒေနဲ့ နည်းဥပဒေများဟာ ခေတ်နဲ့ လျော်ညီခြင်း မရှိတော့တဲ့အတွက် တိုးတက်ပြောင်းလဲလာတဲ့ ဆက်သွယ်ရေး နည်းပညာများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုပုံစံများနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဆက်သွယ်ရေးဥပဒေ မူကြမ်းကို ပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှာ ပေးပို့တင်ပြထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကနေ ဆက်သွယ်ရေးဥပဒေမူကြမ်းကို စိစစ်ဆောင်ရွက်နေတဲ့ ကာလလည်းဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေ ပုဒ်မ ၃ မှာ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားရာမှာ ပုဒ်မခွဲ(စ)တွင် စာတိုက်၊ ကြေးနန်း၊ ဆက်သွယ်ရေး လုပ်ငန်းလို့ ဖော်ပြထား ရှိပါတယ်။ သို့သော်လည်း ယင်းဥပဒေ ပုဒ်မ ၄ မှာ ခြွင်းချက်အနေအဖြစ် အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေး အဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နိုင်ငံတော် အစိုးရအနေဖြင့်လည်း နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက အတည်ပြုပေးတဲ့ Telecommunication Operator နှစ်ဦးအပြင် Corporatization ပြုလုပ်ရန် ဆောင်ရွက်နေတဲ့ လက်ရှိမြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း တစ်ဖန် အများနဲ့ မသက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ်မှ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် ပြောင်းလဲလာမယ့် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် တို့ဖြင့် ဆိုပါက မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နိုင်တဲ့ ကုမ္ပဏီကြီး(၄)ခု ရှိလာမှာဖြစ်ပါတယ်။ ပိုမိုရှင်းလင်းစွာ တင်ပြရမယ်ဆိုရင် ယခု တင်ဒါ အောင်မြင်ပြီး နိုင်ငံတကာ Operator နှစ်ဦး ဖြစ်ပါမယ်။ ကျွန်တော်တို့ ပြည်တွင်းက ကျွန်တော်တို့ လက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို Corporatization လုပ်ပြီးတဲ့ အခါမှာလည်း Operator တစ်ခု ဖြစ်လာပါမယ်။ ရတနာပုံတယ်လီပို့ ကိုလည်း အများပိုင်ကုမ္ပဏီ ပြောင်းပြီးတဲ့ အခါမှာ Operator တစ်ခု ဖြစ်လာပါမယ်။

ဒါကြောင့်မို့လို့ ပြည်ပက Operator နှစ်ခု၊ ပြည်တွင်း က Operator နှစ်ခု စုစုပေါင်း (၄)ခုနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထိုသို့ ကုမ္ပဏီ(၄)ခု ရှိလာခြင်းကြောင့် ဆက်သွယ်ရေးနဲ့ ICT ကဏ္ဍမှာ ယှဉ်ပြိုင်မှုများ ရှိလာပြီး ပြည်သူများအနေနဲ့ အရည်အသွေး ကောင်းမွန်ပြီး သက်သာသော

နှုန်းထားများနဲ့ ဝန်ဆောင်မှုများကို ရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးနဲ့ ICT ကဏ္ဍ လျင်မြန်စွာ တိုးတက်လာမှာ ဖြစ်ပြီးတော့ ယင်းနဲ့ ဆက်စပ်လျက်ရှိတဲ့ ကဏ္ဍတွေပါ တိုးတက်လာမှာဖြစ်ကာ နိုင်ငံတော်ရဲ့ GDP တိုးတက်မှုကို အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကိုယ်ရေးလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ယခု ကျွန်တော် တင်ပြခဲ့တဲ့ Operator (၄)ခု အရေအတွက် ကန့်သတ်ချက်ကလည်း မိုဘိုင်းဆက်သွယ်ရေးအတွက် နိုင်ငံတော်ရဲ့ ရှားပါးသယံဇာတဖြစ်တဲ့ Radio Frequency ကန့်သတ်ချက်ကြောင့်ပဲ ဖြစ်ပါတယ်။ ယခု တင်ဒါ အောင်မြင်တဲ့ Operator နှစ်ဦးဟာ နှစ်နိုင်ငံဆီက အဖွဲ့အစည်း တစ်ခုစီပဲ ဖြစ်ပါတယ်။ အခြားမည်သည့် နိုင်ငံနှင့်မျှသော်လည်းကောင်း၊ မြန်မာနိုင်ငံမှ တခြား ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ထားခြင်း မရှိသေးပါဘူး။ သို့ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ပြီး စတင် အလုပ်လုပ်ကိုင်ရာမှာ မိမိနိုင်ငံမှ ကုမ္ပဏီတစ်ခုခုမှ တင်ဒါ အောင်မြင်ပြီး ကုမ္ပဏီများတစ်ခုခုနဲ့ အကျိုးတူပူးပေါင်း လုပ်ဆောင်ရန် ကမ်းလှမ်းခဲ့မယ်ဆိုလို့ရှိရင် နှစ်ဖက်သဘောတူပါက ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုမှာ ငွေကြေးထည့်ဝင်မှုအနေနဲ့ ပမာဏ (၅)ရာခိုင်နှုန်း အထိကို နှစ်ဖက်သဘောတူညီမှုအရ ထည့်ဝင်နိုင်ပြီး (၅)ရာခိုင်နှုန်းထက် ပိုမိုထည့်ဝင်မည်ဆိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း တခြားပြည်တွင်းပြည်ပ စီးပွားရေး အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ Telecom အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ Joint Venture အနေနဲ့ သော်လည်းကောင်း၊ PPP စနစ်ဖြင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ဖို့ လျာထားချက် ဖြစ်ပါတယ်။ ဒါ့အပြင် ရတနာပုံတယ်လီပို့ကိုလည်း ရတနာပုံတယ်လီပို့ရဲ့ အလုပ်အမှုဆောင်အဖွဲ့ B.O.T များကို ခေါ်ကာ သုံးကြိမ်ခန့် ၎င်းတို့၏ သဘောထားများကို မေးမြန်းခဲ့ပါတယ်။ ရတနာပုံ တယ်လီပို့အနေနဲ့ Telecom Operator အနေနဲ့ လုပ်ကိုင်ရန် ဆန္ဒ ရှိ/ မရှိ၊ လုပ်ကိုင်နိုင်ခြင်း ရှိ/ မရှိ မေးခဲ့ပြီး B.O.T.အဖွဲ့ရဲ့ လုပ်ချင်တဲ့ ဆန္ဒရှိခြင်း၊ လုပ်နိုင်သည်ဟု ကတိပြု ပြောကြားခဲ့ခြင်း တို့ကြောင့် လုပ်ကိုင်နိုင်ရန်အတွက် အများပိုင်ကုမ္ပဏီဖွဲ့ပါ၊ ပြီးရင် မိမိတိုင်းရင်းသား၊ နိုင်ငံအတွင်းမှ တိုင်းရင်းသား အဖွဲ့အစည်းများ မည်သူမဆိုပါဝင်လက်ခံ နိုင်အောင်ဆောင်ရွက်ပေးပါ။ ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ပါလို့ ကျွန်တော်တို့ မှာကြားပြီး ဖြစ်ပါတယ်။ လောလောဆယ် ရတနာပုံတယ်လီပို့ အနေနဲ့လည်း အများပိုင်ကုမ္ပဏီ ဖွဲ့ရန်အတွက် စာရင်းစစ်ဆေးခြင်းများ၊ ဖွဲ့စည်းခြင်း များ ဆောင်ရွက်လျက် ရှိပါတယ်။ သတင်းရှင်းလင်းမှုများလည်း ပြုလုပ်ပြီးပြီလို့ ကျွန်တော်တို့အနေနဲ့ သိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ယခုအချိန်အထိ International Telecommunication Operator တင်ဒါ လုပ်ငန်းစဥ်များနှင့် ပတ်သက်၍ နိုင်ငံတကာမှလည်း ပွင့်လင်းမြင်သာမှု ရှိတယ်။ ဈေးသင့်တယ်လို့ အသိအမှတ်ပြုခြင်းကို ခံနေရကြောင်း တင်ပြအပ်ပါတယ်။ ယခုတင်ဒါ အောင်မြင်သွားတဲ့ အဖွဲ့အစည်းများဟာ ချက်ချင်း လုပ်ငန်းဆောင်ရွက်ရမည် မဟုတ်သေးဘဲ မိမိတို့နိုင်ငံမှ ပြဋ္ဌာန်း ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုမ္ပဏီ မှတ်ပုံတင်ခြင်း၊ Operator လိုင်စင်များ

လျှောက်ထားခြင်း၊ စာချုပ်ချုပ်ဆိုခြင်း စသည်တို့ကို အသစ်ပြဋ္ဌာန်းလာမယ့် ဆက်သွယ်ရေးဥပဒေများနှင့် အညီ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှောက်ထားကြတဲ့ Operator အဖွဲ့အစည်းများ အားလုံးဟာလည်း မိမိနိုင်ငံရဲ့ ဆက်သွယ်ရေးဥပဒေ မူကြမ်းအဆင့်သာ ရှိသေးကြောင်းလည်း အားလုံးကသိရှိပြီး ဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုရန် စောင့်ဆိုင်းနေကြောင်းကိုလည်း သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် တင်ဒါအောင်မြင်ပြီးချိန်မှာ ဥပဒေအသစ် အတည်ပြုပြီးချိန်တို့ကို မှန်းဆပြီးတော့ ပြင်ဆင်ချိန်အနေနဲ့ (၃)လခန့် အချိန်ယူပြီး၊ (၃)လခန့် နောက်ပိုင်းကျမှသာလျှင် လုပ်ငန်းများစတင်လုပ်ဆောင်နိုင်မယ်လို့လည်း အားလုံးသိရှိထားပြီး ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ခြုံငုံတင်ပြရပါလျှင် ယခုလက်ရှိမှာ မိုဘိုင်းတယ်လီဖုန်းဈေးကွက်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တစ်ခုတည်းမှရရှိတဲ့ ဘဏ္ဍာငွေနဲ့ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။ မကြာသောကာလမှာ တင်ဒါအောင်မြင်တဲ့ International Operator (၂)ဦး၊ ပြည်တွင်း Operator (၂)ဦး ပေါင်း(၄)ဦးဖြင့် အပြိုင်အဆိုင် ဆောင်ရွက်လာကြတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုများအနေဖြင့် အရည်အသွေး၊ ဈေးနှုန်းစသည်တို့မှာ မိမိကြိုက်နှစ်သက်ရာ အမျိုးအစားကို စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ICT ကဏ္ဍတိုးတက်မှုနှင့်အတူ လူတစ်ဦးချင်းစီရဲ့ Quality of Life သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနဲ့ အတူများစွာ အထောက်အကူဖြစ်လာမယ့်လို့ ယုံကြည်မိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁:၁၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁:၂၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်း သုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်း အခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးမျိုးမြင့် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ လုပ်ငန်းဌာနများမှ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်း အခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုကို ဖတ်ကြားခွင့်နှင့် အင်္ဂလိပ်ဝေါဟာရ အသုံးအနှုန်းများ သုံးစွဲခွင့်ကိုလည်း ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ အုပ်ချုပ်မှုအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနဲ့အတူ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းကဏ္ဍများမှာ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေ အရ/အသုံး ဘတ်ဂျက်များကို ပြည်ထောင်စုလွှတ်တော်၏ စိစစ်ထောက်ခံချက်ဖြင့် သုံးစွဲဆောင်ရွက်လျက် ရှိနေကြပါတယ်။ နိုင်ငံတော်အတွက် တိုက်ရိုက် ကုန်ထုတ်မှုကို အထောက်အကူပြုတဲ့၊ စီးပွားရေးဝန်ကြီးဌာနများအောက်ရှိ အဖွဲ့အစည်းများပါဝင်သလို၊ သွယ်ဝိုက်၍ ကုန်ထုတ်လုပ်မှု အထောက်အကူပြုကြတဲ့ သို့မဟုတ် ဝန်ဆောင်မှုပြုကြတဲ့ ဝန်ကြီးဌာနများအောက်ရှိ အဖွဲ့အစည်းများလည်း ပါဝင်ကြပါတယ်။

အဆိုပါ ပြည်ထောင်စု ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနများဟာ သက်ဆိုင်ရာဘဏ္ဍာနှစ်ရဲ့ သတ်မှတ်အချိန်ကာလ တစ်ခုအတွင်းမှာ လုပ်ငန်းများ လျာထားဆောင်ရွက်ပြီးစီးမှု၊ ရန်ပုံငွေသုံးစွဲမှုစတဲ့ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများ ဥပမာ (၃)လပတ်၊ (၆)လပတ်စသည်တို့ကို သက်ဆိုင်ရာ အထက်အဆင့် အုပ်ချုပ်မှု အဖွဲ့အစည်းများ၊ လွှတ်တော်အသီးသီးမှ သက်ဆိုင်ရာ

လွှတ်တော်ကော်မတီများသို့ ပေးပို့တင်ပြကြတာကို တွေ့ရှိရပါတယ်။ ဤသို့ သက်ဆိုင်ရာဝန်ကြီး ဌာနရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ လက်အောက် လုပ်ငန်းဌာနများမှ တင်ပြကြတဲ့ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများဟာ ဘဏ္ဍာရေးနှစ် အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်(Programme of Works/ Project Implementation) စသည်တို့တွင် ပါရှိလုပ်ငန်း လျာထားချက်၊ လုပ်ငန်း ပြီးစီးမှု၊ ရန်ပုံငွေလျာထားချက်၊ ရန်ပုံငွေသုံးစွဲမှု စသည်တို့ကို အများအားဖြင့် ဖော်ပြလေ့ရှိကြ ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်း ဆွေးနွေးတင်ပြထားခဲ့တဲ့အတိုင်း လုပ်ငန်း နှင့် ငွေကြေးသုံးစွဲမှုကို တာဝန်ယူသူ ဝန်ကြီးဌာန၊ လုပ်ငန်းဌာန၊ စစ်ဆေးသူ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ လွှတ်တော်ရေးရာကော်မတီများ၊ အထက်အဆင့် ဆက်စပ်တာဝန်ရှိ အဖွဲ့အစည်း များ စသည်တို့အကြား သိရှိနားလည်ထားတဲ့ လုပ်ငန်းသဘာဝအလိုက် အသုံးပြု စံနှုန်းပေတံများ (Standards and Norms)ဖြင့် တိုင်းထွာမယ့် ကျမ်းကိုးကို ပြုစုထားရှိကြရန် လိုအပ်ကြောင်း သုံးသပ်လိုပါတယ်။ လုပ်ငန်းများမှာ ကြီးမားများပြားလှပြီးတော့ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် မြေကြီးလုပ်ငန်း၊ ကျောက်ထုတ်လုပ်ငန်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ သစ်သားထည်လုပ်ငန်းများ၊ မော်တော်ကား လမ်းများ၊ ရထားလမ်းများ၊ ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် များ၊ လူနေအထပ်မြင့် အဆောက်အအုံကြီးများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် ဆေးပေးခန်းများ၊ မြစ်ကူးချောင်းကူး တံတားကြီး/ငယ်များ၊ လေယာဉ်ကွင်းကြီးများ၊ မြေပေါ်မြေအောက် ဓာတ်အား ပေးစက်ရုံများ၊ ဥမင်လိုဏ် ဖောက်လုပ်ခြင်း၊ မြို့ရွာဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းများ၊ မြစ်ချောင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ အလုပ်ရုံစက်ရုံများ၊ ရေနံတူးဖော်ရှာဖွေရေးနှင့် ဆက်စပ် လုပ်ငန်းများ၊ မြစ်ကမ်း၊ ပင်လယ်ဆိပ်ကမ်းမြို့များဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လျှပ်စစ်စီမံကိန်းများ စသည် စသည့် တည်ဆောက်မှု လုပ်ငန်းများ ဖြစ်ကြပါတယ်။

အဆိုပါ စီမံကိန်းလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးမှ တာဝန်ယူဆောင်ရွက်လုပ်ကိုင် ကြရာမှာ မိမိလုပ်ငန်းဌာနရဲ့ ဖွဲ့စည်းပုံပါ ဝန်ထမ်းအဆင့်ဆင့်၏ စီမံကွပ်ကဲမှုဖြင့် ကျွမ်းကျင် လုပ်သား၊ သာမန်လုပ်သားများကို သင့်လျော်မည့် နေ့တွက်စရိတ်ဖြင့် ငှားရမ်း၍လည်းကောင်း၊ လုပ်အားပုတ်ပြတ်စနစ်ဖြင့် ငှားရမ်း၍လည်းကောင်း လုပ်ကိုင်စေ၍ ကုန်ကျစရိတ် အခကြေးငွေများ ပေးချေသည့်စနစ်ကို အများအားဖြင့် ကျင့်သုံးကြပါတယ်။ အချို့အဖွဲ့အစည်းများမှာတော့ လုပ်ငန်း အပ်နှံခံရသူ ကန်ထရိုက်တာ၊ ဆိုပါစို့ သူက တင်ပြလာတဲ့ လုပ်ငန်းခန့်မှန်းခြေစာရင်းကို လုပ်ငန်း အပ်နှံသူ လုပ်ငန်းရှင်က စစ်ဆေးပြီးနောက် လုပ်ငန်းတစ်ခုလုံးအတွက် အပြီးအပြတ် ပေးချေသည့် စနစ် ကျင့်သုံးကြပြီးတော့ အချို့မှာလည်း ဖော်ပြစနစ်(၂)မျိုးလုံးကို အလျဉ်းသင့်သလို ကျင့်သုံးလေ့ ရှိတာ တွေ့ရှိရပါတယ်။

ကျွန်တော်အနေနဲ့ အခုလို မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာ ကွင်းဆက်များ အခြေအနေ (Developing Consequences)ကို ရှင်းလင်း တင်ပြရခြင်းမှာ တာဝန်ယူဆောင်ရွက်လုပ်ကိုင်လျက်ရှိကြတဲ့ အဖွဲ့အစည်းအားလုံးက လက်ခံကျင့်သုံး ကြရမယ့် လက်ရှိခေတ်စနစ် အခြေအနေနှင့် လိုက်လျောညီထွေရှိတဲ့ လုပ်ငန်းအခြေခံ စံနှုန်းများရှိဖို့ လိုအပ်လို့ ဖြစ်ပါတယ်။ ဤကဲ့သို့ ရှိနေမှသာလျှင် စီမံကိန်းကြီး/ငယ်များနှင့် ကွဲပြားခြားနားကြတဲ့ လုပ်ငန်းနယ်ပယ်များမှာရှိတဲ့ လုပ်ငန်းကြီး/လုပ်ငန်းငယ်များကို တာဝန်ယူဆောင်ရွက်ကြရတဲ့

အဖွဲ့အစည်းများဟာ အဆိုပါ ဘောင်အတွင်း၊ စည်းအတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။ အလားတူပင် အဆိုပါ လုပ်ဆောင်ချက်များအပေါ် အခါအားလျော်စွာ တာဝန် ယူစစ်ဆေး ကြရမယ့် အဖွဲ့အစည်းများအနေနဲ့လည်း နိုင်ငံတော်အတွက် ဆုံးရှုံးမှုမရှိစေဘဲ တိကျစွာ စစ်ဆေးနိုင်ကြမယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရှေ့ပိုင်းဆွေးနွေးတင်ပြခဲ့တဲ့ လုပ်ငန်း အခြေခံ စံနှုန်းများ(Analyses of Rates) ဆိုတာ မရှိဘူးလားလို့ မေးမြန်းလာပါက၊ ရှိခဲ့ဘူးပါတယ်လို့ ဖြေဆိုရမှာ ဖြစ်ပါတယ်။ အဆိုပါရှိထားသော လုပ်ငန်းအခြေခံ စံနှုန်း အချို့ကိုလည်း ကောက်နုတ်တင်ပြလိုပါတယ်။ ယခု Slide-1 မှာ ဖော်ပြထားချက်ဟာ လွန်ခဲ့သော (၅၅)နှစ်ခန့်က ၁၉၅၈-၅၉ ခုနှစ် ဝန်းကျင်က ကျွန်တော်တို့ ယခင် ဗမာ့စစ်မှုတက္ကသိုလ်(Burma Institute of Technology - BIT) နောက်ပိုင်းမှာတော့ ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် စတာနဲ့ ပြောင်းလဲသွားပါတယ်။ စတင်တက်ရောက်ခဲ့စဉ်က မဝယ်လျှင် မနေရ ဝယ်ယူခဲ့ကြရတဲ့ Analyses of rates, Standard Data for working out Rates per Unit Quantity of Items of Work, BURMA Public works department (reprint 1953) ဖြစ်ပါတယ်။ Government Printing and Stationery မှ ပုံနှိပ်ထုတ်ဝေပြီး ဈေးနှုန်းမှာ ကျပ်(တစ်ကျပ်ခွဲ) သာရှိပါတယ်။ စာအုပ်မှာ Legal Size အရွယ်အစားဖြစ်၍ စာမျက်နှာ (၉၀) ပါဝင်ပါတယ်။

ဘိလပ်မြေသရွတ်လုပ်ငန်း (Mortars)၊ ကွန်ကရစ်လုပ်ငန်း၊ ကျောက်/အုတ်လုပ်ငန်း (Stone Work-Brick Work)၊ သစ်သားထည်(Wood Work)၊ လက်သမားလုပ်ငန်း (Carpentry)၊ သံထည်လုပ်ငန်း(Steel and Iron Work)၊ လမ်းလုပ်ငန်း(Road Work)၊ မြေကြီးလုပ်ငန်း(Earth Work)၊ အလေးချိန်နှင့် အတိုင်း အထွာ ဖော်ပြဇယားများ(Weight and Load Tables) စသည်ဖြင့် လုပ်ငန်း အမျိုးအစားပေါင်း(၁၉)မျိုးနဲ့ဆိုင်တဲ့ စံနှုန်းများပါဝင်ပါတယ်။ ယင်းအချိန်က (BIT) စောစောက တင်ပြတဲ့ တက္ကသိုလ်မှ Buildings and Construction ဘာသာရပ် တာဝန်ယူသင်တဲ့ ဆရာက ပုစ္ဆာ တည်ဆောက်ပေးပြီးတော့ Analyses of Rates ကို မှီငြမ်းသုံးစွဲ တတ်ရန် သင်ကြားပေးခဲ့ပါတယ်။အစိုးရလုပ်ငန်းဌာနများမှလည်း လိုက်နာမှီငြမ်း ကျင့်သုံးကြရ ကြောင်း သိရှိရပါတယ်။

နောက်ပိုင်းမှာ ဖော်ပြပါ Analyses of Rates(PWD) စာအုပ်များ ထုတ်ဝေခြင်း မပြုတော့လို့ ယခု Slide-2 ဖြင့် ကျွန်တော် ဖော်ပြထားတဲ့အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေး အစိုးရခေတ်က ဆောက်လုပ်ရေးကော်ပိုရေးရှင်း ၁၉၇၀ ခုနှစ်၊ ပထမအကြိမ် လုပ်ငန်းအခြေခံစံနှုန်းများစာအုပ်ကို ဆောက်လုပ်ရေးကော်ပိုရေးရှင်းလုပ်ငန်းများအတွက် ရည်ရွယ် ပုံနှိပ်ထုတ်ဝေ အသုံးပြုလာခဲ့တာ ဖြစ်ပါတယ်။ ၎င်းလုပ်ငန်းအခြေခံစံနှုန်းများစာအုပ်ဟာ ဆိုရင် မူလ Burma PWD, Buildings and Roads Department မှ Chief Engineer ဖြစ်တဲ့ Mr.J.F.H. Nicholson ပြုစုထုတ်ဝေခဲ့တဲ့ Analyses of Rates(PWD) ဟာ အခန်းများအတိုင်း အခန်း(၁၉)ခန်းပါဝင်ပြီးတော့ ယင်းအချိန်မှာ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၏ လုပ်ငန်းသဘာဝ နှင့် လိုက်ဖက်မည့် လုပ်ငန်း၊ ဥပမာ - တံတားလုပ်ငန်း(Bridges) ပစ္စည်းဆိုင်ရာ အသုံးအနှုန်း အနည်း အကျဉ်းကိုသာ ဖြည့်စွက်ပြင်ဆင်ပြီးတော့ အားလုံးနီးပါး (၉၅)ရာခိုင်နှုန်းခန့်ဟာ မူလ Analyses of

Rates (PWD) နှင့် ထပ်တူကျလျက်ရှိတာ တွေ့ရှိရပါတယ်။ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ (ယခု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ဟာ အဆိုပါ လုပ်ငန်းအခြေခံစံနှုန်းများ စာအုပ်ကို ပြုစုခဲ့ရာမှာ ၎င်းတို့လုပ်ငန်းဌာနအတွင်း သုံးစွဲသူများ တစ်ပြေးညီ ကျင့်သုံးစေရန် ရည်ရွယ်ပြုစုခဲ့တဲ့ ဆောင်ရွက်ထားမှုကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ စာအုပ်မျက်နှာဖုံးကို ၁၉၇၀ ခုနှစ်၊ ပထမအကြိမ် ထုတ်ဝေစဥ်က အဝါရောင်ဖြစ်လို့ မြန်မာနိုင်ငံတနံတလျားရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောက်လုပ်ရေး အဖွဲ့အစည်းများ အတွင်းမှာဆိုရင် Yellow Book ဟု တွင်တွင်ကျယ်ကျယ် ခေါ်ဝေါ်သုံးစွဲလာခဲ့ကြပါတယ်။ လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးကြရတဲ့ အဖွဲ့အစည်းများကလည်း Yellow Book မှာ ပါရှိစံနှုန်းများနဲ့ ကိုက်ညီမှု ရှိ/မရှိ၊ ယင်းစာအုပ်တွင် ထည့်သွင်းပါဝင်ခြင်း ရှိ/မရှိ တို့နဲ့စံနမူနာထား စစ်ဆေးရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Yellow Book ပါ လုပ်ငန်း အခြေခံစံနှုန်းများဟာ ၁၉၇၀ ခုနှစ်အချိန်ကာလက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်း သဘာဝအလျောက် လုပ်ငန်းပိုင်း အစစ်ဆေးခံခြင်း၊ စာရင်းပိုင်း အစစ်အဆေးခံခြင်းတို့ ပိုပြင်နည်းလမ်းကျနစေရန် ရည်ရွယ်ပြုစုထုတ်ဝေခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်း Yellow Book ပါ လုပ်ငန်းအခြေခံစံနှုန်းများကို အခြားဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနအချို့အနေနဲ့ မှီငြမ်းကိုးကား နိုင်သည်များအပေါ် မှီငြမ်းနိုင်သော်လည်းပဲ အချို့လုပ်ငန်းများမှာ ခေတ်စနစ်နှင့်အညီ ဖြစ်ထွန်းတိုးတက် ပြောင်းလဲလျက်ရှိရာ လုပ်ငန်းသဘာဝ ကွဲပြားခြားနားတဲ့အလျောက် လုပ်ငန်းကဏ္ဍ အတော်များများ ဆက်စပ်ပါဝင်မှု မရှိခြင်းတို့ကြောင့် မိမိတို့အစီအစဥ်များဖြင့်သာ လုပ်ဆောင်လျက်ရှိကြတာ ယူဆရမည်ဖြစ်ပါတယ်။ ဝန်ကြီးဌာန အသီးသီးအောက်ရှိ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံလျာထားချက် ပြည့်မီစေရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိရာမှာ စစ်ဆေးကြရသည့် အဖွဲ့အစည်းများနှင့် အစစ်ဆေးခံ လုပ်ငန်းဌာနများအကြား တိုင်းတာနိုင်သော သတ်မှတ်စံနှုန်းပေတံများမရှိတဲ့ အခြေအနေများ ပေါ်ပေါက်လာချိန် မပြေလည်မှုများ၊ အခက်အခဲများ မကြာခဏ ရင်ဆိုင်ဖြေရှင်းလျက် ရှိနေကြရတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနတစ်ခုရဲ့ ကြိုးပမ်းမှုကိုလည်း နမူနာအဖြစ် ဆွေးနွေးတင်ပြလိုပါတယ်။ အခု Slide – 3 နဲ့ ဖော်ပြထားတဲ့အတိုင်း ယခင်အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းသဘာဝများနဲ့ လိုက်ဖက်ပြီးတော့ လက်တွေ့ကျကျ မှန်ကန်စွာ စိစစ်ပြုစုသတ်မှတ်နိုင်ရန် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလမှာ လုပ်ငန်းအခြေခံစံနှုန်းများ ပြုစုရေးကော်မတီကို ဝန်ကြီးဌာနမှ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ဒါကြောင့် လုပ်ငန်းအခြေခံစံနှုန်းများ Analyses of Rates ၂၀၀၈ ခုနှစ်၊ မတ်လ ပထမအကြိမ် ထုတ်ဝေနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနမှ အခြေခံမှီငြမ်း ကိုးကားလာခဲ့တဲ့ မူလရှိပြီး Yellow Book ပါ လုပ်ငန်းအခြေခံစံနှုန်းများဟာ လုပ်ငန်းသဘာဝ ကွဲပြားမှုများနဲ့ အကန့်အသတ်များ ရှိနေမှုတို့ကြောင့် လက်ရှိဖြစ်ထွန်းလျက်ရှိတဲ့ အခြေအနေများအပေါ် နည်းလမ်းတကျ မှီငြမ်းကိုးကားနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်းများ စာအုပ်ရှိရန် လိုအပ်တဲ့အလျောက် အောက်ပါအပိုင်း(၃)ပိုင်းကို စုစုပေါင်းစာမျက်နှာ(၂၈၃)မျက်နှာ ထည့်သွင်းခွဲခြားပြုစု ထုတ်ဝေထားတာ တွေ့ရှိရပါတယ်။

(က) Part (A) - Civil Work (Page -1 to Page -217)၊ (ခ) Part (B) - Hydraulic Steel Structure (Page - 218 to Page - 232)၊ (ဂ) Part(c) - Electrical and Mechanical Work (Page - 233 to Page - 283)။ ၄င်းတို့ကို လုပ်ငန်းသဘာဝဖော်ပြပုံများ၊ စက်ယန္တရား/ယာဥ်များနဲ့ စက်မှုဆိုင်ရာ စံချိန်စံညွှန်းများ စသည်တို့နှင့်အတူ အသေးစိတ်ဖော်ပြ ပြုစုထားတာကိုလည်း တွေ့ရှိရပါတယ်။ စာအုပ်မျက်နှာဖုံး အရောင်မှာ အစိမ်းဖြစ်လို့ ယင်းဝန်ကြီးဌာနနှင့် ဆက်စပ်သော လုပ်ငန်းဌာနအချို့က Green Book လို့ခေါ်ဝေါ်ကြပါတယ်။

၅၂။ စာအုပ်ပြုစုရာမှာ မူလ Analyses of Rates (PWD) (Reprint 1953)နှင့် ပထမအကြိမ် လုပ်ငန်းအခြေခံစံနှုန်းများ Yellow Book ၁၉၇၀ တို့တွင် ပါရှိလုပ်ငန်းကဏ္ဍများနှင့် အတူ သဘာဝတူလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ဆက်စပ်တဲ့ ကဏ္ဍများကိုပါ တိုးချဲ့ထည့်သွင်းထားတာ တွေ့ရှိရပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အဆိုပါ လုပ်ငန်းအခြေခံစံနှုန်းများ Green Book ကို လုပ်ငန်းလိုအပ်ချက် အရပြုစု သုံးစွဲလျက်ရှိကြောင်းလည်း ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ စာရင်းစစ်ချုပ်ရုံး တို့သို့ တင်ပြခဲ့ပြီး လုပ်ငန်းသဘာဝအချို့နှင့် ဆက်စပ်လျက်ရှိကြတဲ့ အခြားဝန်ကြီးဌာနများသို့လည်း ပေးပို့ခဲ့ကြောင်း သိရှိရပါတယ်။ တစ်ဆက်တည်း လေ့လာတွေ့ရှိချက်အရ တင်ပြရလျှင် တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့ B.E, G.E များမှာလည်း (PWD) Analyses of Rates ကို အခြေခံပြီးတော့ MES Regulation, Military Engineering Services Regulation, Account Regulation တို့ကို အောက်မှာ ပြဌာန်းချက်များနဲ့ စနစ်တကျ မှီငြမ်းလုပ်ကိုင်လျက် ရှိကြတယ်ဆိုတာ သိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းအခြေခံစံနှုန်းများ ပြုစုသတ်မှတ်ရန်မှာ မဖြစ်မနေလုပ်ဆောင်ရမယ့် တာဝန်ဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ အောက်ရှိ လုပ်ငန်းဌာန အသီးသီးဟာ နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေရရှိသုံးစွဲ လျက်ရှိကြရာမှာ သတ်မှတ်စီမံကိန်းလုပ်ငန်းများ စီမံလျာထားချက်နှင့်အညီ လုပ်ငန်းများပြီးစီး၍ ကုန်ကျအသုံး စရိတ်များ စာရင်းနည်းလမ်းတကျနှင့် ဆက်စပ်စစ်ဆေးမှုများ လုပ်ကိုင်ရာမှာ ဖော်ပြပါ လုပ်ငန်း အခြေခံစံနှုန်းများကို အဓိက မှီငြမ်းကိုးကားရမည် ဖြစ်ပါတယ်။ လုပ်ငန်းသဘောဝတူ ဆောင်ရွက် လုပ်ကိုင်ကြသောအဖွဲ့အစည်းများအတွင်း လုပ်ငန်းအခြေခံစံနှုန်းများကို တစ်ပြေးညီ မှီငြမ်းကိုးကား အသုံးပြုရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ လုပ်ငန်းအခြေခံစံနှုန်းများကို ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာန အဖွဲ့အစည်းများ သာမက ယနေ့ မြန်မာနိုင်ငံဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများ (Infrastructures) တည်ဆောက်ရာမှာ ပါဝင်ကြတဲ့ ပြည်တွင်း/ပြည်ပကုမ္ပဏီများ၊ ကန်ထရိုက်တာ များကပါ လိုက်နာမှီငြမ်း အသုံးပြုရမှာ ဖြစ်ပါတယ်။ ငွေကြေးဈေးနှုန်းများမှာတော့ ဒေသကွဲပြားမှု များအရ ဒေသပေါက်ဈေးနှုန်းများ မတူညီနိုင်သော်လည်း လုပ်ငန်းစံနှုန်းများမှာ တူညီရမည်သာ ဖြစ်ပါတယ်။

ဥပမာဆောင်ရလို့ရှိလျှင် မြင်းကောင်ရေ ၂၀၀/၂၂၀ ရှိ မြေထိုးစက်(Tracked Dozer-200hp/220 hp) တစ်စီးရဲ့ လုပ်ငန်းသဘောဝတူအခြေအနေမှာ တစ်နာရီအလုပ်ပြီးမြောက်မှု (Outturn/hr) စက်သုံးဆီ သုံးစွဲမှုနှုန်း (Gal/hr)ကို (Work) အလုပ်အခြေခံအရ (Low Range/

Medium Range/High Range)သတ်မှတ်ထားရှိမှုတို့အရ စက်ယန္တရားထုတ်လုပ် ကုမ္ပဏီ ဥပမာ Komatus/Caterpaillar စသည်ဖြင့် ကွဲပြားသည့်အလျောက် Machine Manufacturers Performance Recommendation ပါ အချက်အလက်များဟာလည်း အနည်းနှင့်အများ ကွဲပြားကြတာ တွေ့ရှိရပါတယ်။ တာဝန်ပေးခိုင်းစေသူ၊ တာဝန်ယူမောင်းနှင်သူတို့၏ ကျွမ်းကျင်မှုတို့အရ ထွက်ပေါ်လာသော အဖြေဟာ လုပ်ငန်းပြီးစီးမှု၊ ငွေကြေးကုန်ကျမှု မျှတ၊ မမျှတသည့်လည်း ကွဲပြားမည်ဖြစ်ပါတယ်။ (ခ)ဘိလပ်မြေ/သံထည်/သစ်သားထည် စတဲ့ အသုံးပြုပစ္စည်းများ(Materials) သာမန်နှင့် ကျွမ်းကျင်လုပ်သား (Ordinary & Skilled Labour) တို့ကိုလည်း သတ်မှတ် စံနှုန်းများနှင့်အညီ အသုံးပြုရန် လိုအပ်ပါတယ်။ (ဂ) တည်ဆောက်ရေးပစ္စည်း လေလွင့်ဆုံးရှုံးမှုများ (Wastages) ကို ခွင့်ပြုရာခိုင်နှုန်းထက်မပိုရန်လည်း ဆောင်ရွက်ရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိဒေသနှင့် စွမ်းဆောင်နိုင်မည့် လုပ်အားမျှတမှုရှိ၍ အများလိုက်နာဆောင်ရွက်နိုင်မည့် စံနှုန်းများကို ညှိနှိုင်းပေါင်းစပ်ပြုစုရန် လိုအပ်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ လုပ်ငန်းအခြေခံစံနှုန်းများကို အချိန်နှင့်တပြေးညီ ပြုစုလျက် ထုတ်ပြန်ကျင့်သုံးစေခြင်း၊ ၄င်းအပေါ် လိုက်နာကျင့်သုံးမှု ရှိ/မရှိ တို့ကို တာဝန်ရှိသူများက စစ်ဆေးခြင်းများ မပြုလုပ်ပါလျှင် လုပ်ငန်းကုန်ကျစရိတ်များ ပိုမိုမြင့်မားနိုင်မှုမှာ အကန့်အသတ်ရှိမည်မဟုတ်ပါလို့ သုံးသပ်တင်ပြ လိုပါတယ်။ အချိန်အကန့်အသတ်ကြောင့် အသေးစိတ် ဆွေးနွေးဖော်ပြခြင်း မပြုတော့ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစည်းအဝေးသတ်မှတ်အချိန်ထက် တစ်မိနစ်၊ နှစ်မိနစ်ကျော်လျှင် ခွင့်ပြုပေးပါရန် ကြိုတင်ပြန်ကြားအပ်ပါတယ်ခင်ဗျား။ ယခု တင်ပြအဆိုနှင့် ဆက်စပ်၍လည်း Slide-4 မှာ အိန္ဒိယနိုင်ငံအတွင်း နောက်ဆုံးပြုစုထားတဲ့ ANALYSIS OF RATES FOR DELHI (VOL .1/VOL .2) 2012 CENTRAL PUBLIC WORKS DEPARTMENT,GOVERNMRNT OF INDIA ကို တင်ပြထားပါတယ်။ ဖော်ပြ အတွဲ(၁)စာအုပ်ကို လုပ်ငန်းခေါင်းစဥ်ပေါင်း(၁၂)ခုဖြင့် စာမျက်နှာ (၁)မှ (၇၀၄) အထိလည်းကောင်း၊ အတွဲ(၂)စာအုပ်ကို လုပ်ငန်းခေါင်းစဥ်ပေါင်း(၁၃)ခုဖြင့် စာမျက်နှာ (၇၀၅) မှ (၁၄၅၃)ထိလည်းကောင်း ၊ Unit Quantity/ Unit Rate/ Amount စသည်တို့ကိုပါ အသေးစိတ် ပြုစုထားတာ တွေ့ရှိရပါတယ်။ ငွေကြေး Amount ကိုပါ ဖော်ပြပေးနိုင်တာဟာ ငွေကြေး တန်ဖိုး အနည်းဆုံး (၅)နှစ်၊ (၆)နှစ်၊ (၇)နှစ်အတွင်း တည်ငြိမ်မှုရှိတယ်ဆိုတာကို သိရှိနိုင်ပါမယ်။ Delhi မြို့တော် ဖွံ့ဖြိုးရေး ဖော်ပြပါ (Analyses of Rates)မှာ Delhi မြို့တော်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ အတွက်ဖြစ်ပြီး အခြားဝန်ကြီးဌာန / လုပ်ငန်းဌာနများကလည်း မှီငြမ်းအသုံးပြုနိုင်ကြပါတယ်။ ၄င်း Analyses of Rates လုပ်ငန်း အခြေခံစံနှုန်းကို ၁၉၅၀ ပြည့်နှစ်မှာ စတင်ပြုစုခဲ့ပြီးတော့ နောက်ဆုံး ၂၀၁၂ ခုနှစ်အထိ (၈)ကြိမ်တိုင် ပြန်လည်ပြင်ဆင်ပြုစုလာခဲ့ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လက်ဝယ်တွင် ရှိပြီးတဲ့ မူလ Analyses of Rates (PWD) (Reprint ၁၉၅၃)သည်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းကော်ပိုရေးရှင်း၏ လုပ်ငန်းဆိုင်ရာ အခြေခံစံနှုန်းများ ၁၉၇၀ ခုနှစ် ပထမအကြိမ်သည်လည်းကောင်း၊ ယခင်အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာအခြေခံစံနှုန်းများ (Analyses of Rates -2008) မတ်လ ပထမအကြိမ်သည်လည်းကောင်း စတင်ပြုစုခဲ့ပြီးသည့် နောက်ပိုင်း ပြန်လည်ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ကဏ္ဍသစ်များ ဖြည့်စွက်ခြင်းစသည်တို့ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဟု ယူဆပါတယ်။ သို့ရာတွင်

အချို့ဝန်ကြီးဌာနများမှာ မိမိတို့၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီတဲ့အခါအားလျော်စွာ ဝန်ကြီးဌာန (သို့မဟုတ်) လုပ်ငန်းဌာနမှ အကန့်အသတ်ဖြင့် အသိအမှတ်ပြုထားတဲ့ လုပ်ငန်းအခြေခံစံနှုန်းများ ရှိကောင်းရှိနိုင်မည်ဟု ယူဆပါတယ်။ ရှိခဲ့ရင်လည်း ဒါဟာ ရေရှည်အတွက် လျော်ကန်မည် မဟုတ်ပါလို့ သုံးသပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် လွှတ်တော်အသီးသီးမှာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိတဲ့ အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်အတူ ခေတ်စနစ်နဲ့ ညီညွတ်ခြင်းမရှိတဲ့ တည်ဆဲဥပဒေများ ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်တင်သွင်းပြဋ္ဌာန်းခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက အစွမ်းကုန်ဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။ အလားတူပင် ကျွန်တော်တင်ပြတဲ့ အဆိုဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်းကြောင်းတစ်လျှောက်မှာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်မှု အခြေခံအဆောက်အအုံများ (Infrastructures) တည်ရောက်ရာမှာ တန်ရာတန်ကြေး လုပ်ကိုင်၍ ထိုက်တန်တဲ့ လုပ်ငန်းပြီးမြောက်မှု၊ လုပ်ငန်းပြီးမြောက်မှုအပေါ်မှာ တန်ရာတန်ကြေးဖြင့် ငွေကြေးသုံးစွဲ ကုန်ကျမှုတို့ဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ခံသတ်မှတ်ထားရှိရမယ့် လုပ်ငန်းအခြေခံစံနှုန်းများနှင့် ဆက်စပ်နေတဲ့အတွက် လွန်စွာထိရောက် အရေးပါသောကဏ္ဍမှ ပါဝင်တာကို အလေးအနက်ဖော်ပြလိုပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတတ်မှု အခြေခံအဆောက်အအုံများ တည်ဆောက်ရာမှာ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ရပ်ဟာ ယူသင့်ယူထိုက်သော အချိန်ကာလ ရယူဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအရည်အသွေး ထိန်းသိမ်းခြင်းနှင့် အာမခံချက်ပေးခြင်း (Quality Control and Quality Assurance)တို့ကို အစ၊ အလယ်၊ အဆုံး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် နားလည်သဘောတူ ချုပ်ဆိုထားကြရမယ့် ကတိကဝတ်များဖြစ်ပါတယ်။ နောက်ကျစီမံ၊ နောက်ကျစား၊ စောပြီးရမည် ဟူသော အမြန်ကြေး ( Express Fees) တောင်းခံရယူ အကြောင်းပြဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန် လိုအပ်မည် ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများဟာ နိုင်ငံတော်ဖွံ့ဖြိုးမှု အခြေခံ အဆောက်အအုံများ တည်ဆောက်အကောင်အထည်ဖော်ရာ ကဏ္ဍမှာ တစ်တပ်တစ်အား အနေဖြင့် ပါဝင်သည်နှင့်အညီ လျာထားချက်အတွင်း ကုန်ကျစရိတ်သတ်သာမှု (Cost Gain) တွက်ချက်သတ်မှတ်ထားသော အချိန်အတွင်း ပြီးစီးမှု (Time Gain) အခြေအနေဖြစ်ပေါ်လာစေရန် လိုအပ်ပါတယ်။ အလွန်ထူးခြားတဲ့ အခြေအနေမျိုးများ(Very Special Case) များမှာ တွေ့ရှိရလေ့ရှိ တဲ့၊ တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုအဆင့်များမှ ကျင့်သုံးတတ်တဲ့ Cost Loss and Time Gain ဒါမဟုတ် Cost Gain, Time Loss အခြေအနေမျိုးများကို မဖြစ်မနေ လုပ်ကိုင်ရခြင်းမျိုးမှအပ အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပြီး လုပ်ငန်းအခြေခံစံနှုန်းများကို တိကျစွာလိုက်နာလျက် Cost Gain and Time Gain ထွက်ပေါ်ရေး ဆောင်ရွက်ရန် အရေးကြီးတယ်လို့ သုံးသပ်ဆွေးဆွေးလိုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တည်ဆောက်အကောင်အထည်ဖော်ရာတွင်ပါဝင်ပတ်သက်ကြတဲ့ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းပေါင်းစုံ အတွက် ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of

Rates) ကိုပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးမျိုးမြင့် ၏ ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဦးဌေးမောင် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်း အခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁း၅၀)နာရီ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၇ (၂) / ၈/ သမ္မတရုံး

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်

သို့

နာယက

ပြည်ထောင်စုလွှတ်တော်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

ရည်ညွှန်းချက် ။ (၁) နိုင်ငံတော်သမ္မထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၃-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၃/ပသ(စ၀)၄/၂၀၁၃-၀၀၄ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၂) နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ၂၇-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၀၈(၁)/၈/သမ္မတရုံးဖြင့်ပေးပို့သည့် သဝဏ်လွှာ

(၃) ပြည်ထောင်စုလွှတ်တော် နာယကထံသို့ လိပ်မူ၍ နိုင်ငံတော်သမ္မတထံသို့ မိတ္တူလိပ်စာဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ၁၉-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၃/ပသ(စ၀)၄/၂၀၁၃-၀၀၂ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

၁။ (၂၆-၆-၂၀၁၃) ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ သတ္တမ ပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆိုအဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ "လွှတ်တော်တွင် ဆက်သွယ်ရေးဥပဒေကြမ်းအား ဆွေးနွေးနေဆဲသာဖြစ်ပြီး ဥပဒေအတည်ပြုဌာန်းနိုင်ခြင်း မရှိသေး ကြောင်း၊ ထိုသို့ ဥပဒေမရှိသေးသည့် အချိန်ကာလတွင် ပြည်ပကုမ္ပဏီ(၂)ခုအား ဆက်သွယ်ရေး အော်ပရေတာလိုင်စင် လုပ်ပိုင်ခွင့် ချထားပေးလိုက်ပါက ပြည်တွင်းကုမ္ပဏီများ နစ်နာမှုများ ဖြစ်ပေါ် စေနိုင်ကြောင်း၊ ပြည်တွင်းရှိ ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ပြည်ပမှ ကုမ္ပဏီများကို ယှဉ်ပြိုင် လုပ်ကိုင်နိုင်စွမ်း မရှိသဖြင့် ရပ်တည်ရန် ခက်ခဲစေမည်ဖြစ်ကြောင်း၊ ဥပဒေအတည်တကျ မရှိသေးခင် လိုင်စင် ပေးအပ်လိုက်ပါက နောင်တွင် ဖြေရှင်းရခက်ခဲစေနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရေးဆွဲလျက်ရှိသော ဆက်သွယ်ရေးဥပဒေကြမ်းအား အမြန်ပြီးစီးအောင် ဆောင်ရွက်သင့်ကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသည့် လက်ရှိကာလတွင် ပြည်ပကုမ္ပဏီ များအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်းမပြုသေးဘဲ ရပ်ဆိုင်းထားရန် လိုအပ်ကြောင်း" ကို အဆို တင်သွင်း၍ ၎င်းအဆိုအပေါ် အစည်းအဝေးတက်ရောက်လာသော ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိ ထောက်ခံ အတည်ပြုဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ နိုင်ငံသားများအတွက် လိုအပ်သည့် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် နိုင်ငံသားလူဦးရေ၏ (၇.၀၈)ရာခိုင်နှုန်းသာ တယ်လီဖုန်း သုံးစွဲနိုင်ပါသည်။ ထို့ကြောင့် တယ်လီဖုန်းသုံးစွဲမှု သိပ်သည်းဆအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၂၂.၈)ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၅၀)ရာခိုင်နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၇၅-၈၀)ရာခိုင်နှုန်းအထိ တိုးတက်စေရန် စီမံကိန်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဆက်သွယ်ရေးသတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးရေးကို နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ကြောင့် ဆောင်ရွက်လျက်ရှိသည်ကို ရည်ညွှန်း(၂)ပါ သဝဏ်လွှာဖြင့် ရှင်းလင်းပေးပို့ထားရာ၊ တည်ဆဲဥပဒေဖြစ်သော နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၉/၈၉)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃၁-၁-၂၀၁၃)ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃) ပြဋ္ဌာန်းချက်တို့နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရာတွင်လည်း အများပြည်သူ အကြားတွင် ပွင့်လင်းမြင်သာမှုရှိစေပြီး အခွင့်အရေးတူညီစွာ ယှဉ်ပြိုင်ခွင့်ရရှိရန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်လုပ်ပိုင်ခွင့် တင်ဒါခေါ်ယူရာ၌ နိုင်ငံတကာအဆင့်မီစံနှုန်း သတ်မှတ်အကြံပြုနိုင်ရေး တင်ဒါစည်းကမ်းများ ရေးဆွဲနိုင်မည့် International Consultancy ရရှိရန်အတွက် တင်သွင်းလာသော ကုမ္ပဏီ(၆၄)ခု အနက်မှ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်၍ Roland Berger Strategy Consultant Ltd. အား ရွေးချယ်ခဲ့ပြီး၊ ၎င်း၏ အကြံပြုချက် ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၅။ ထို့ပြင် အဆိုပါ Roland Berger Strategy Consultant Ltd က တင်ပြသော တင်ဒါ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကိုလည်း သီးခြားလွတ်လပ်သည့် ကော်မတီအဖြစ်၊ ထိုသို့ ဆောင်ရွက်နိုင်မည့် သမာဓိ၊ အရည်အချင်းနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍လုပ်ငန်းတာဝန်များ သတ်မှတ်ပေးပြီး၊ (၁၅-၁-၂၀၁၃)ရက်တွင် တင်ဒါခေါ်ယူခဲ့ရာ ပြည်တွင်းပြည်ပ ကုမ္ပဏီ(၉၁)ခုတို့က လျှောက်လွှာတင်သွင်းခဲ့ပါသည်။ တင်ဒါခေါ်ယူရာတွင်လည်း ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် စိတ်ပါဝင်စားသူများ အခွင့်အရေးတူညီစွာဖြင့် ယှဉ်ပြိုင်ခွင့်ရရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက်တို့မှ အချိန်ပေး၍ ကြိုတင်ကြေညာခဲ့ပြီး၊ မီဒီယာများကိုလည်း ဖိတ်ကြားရှင်းလင်းခြင်းတို့ဖြင့် စနစ်တကျ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပွင့်လင်းမြင်သာစွာဖြင့် ကြေညာခဲ့သော်လည်း ထိုကာလများတွင် ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများ၌ အဆိုတင်သွင်းခြင်း၊ အကြံပြုခြင်းတို့ဆောင်ရွက်မှု မပြုခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

၆။ ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ရရှိရေးကို တိုင်းရင်းသားပိုင် ကုမ္ပဏီများအပြင် အတွေ့အကြုံရှိသည့် နိုင်ငံခြားကုမ္ပဏီကြီးများကပါ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါသည်။ လက်ရှိ

အခြေအနေတွင် ဥပဒေနှင့်အညီ လွတ်လပ်ပွင့်လင်းစွာနှင့် စနစ်တကျအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုကြောင့် ပြည်တွင်းပြည်ပကုမ္ပဏီများက နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှု မြင့်မားလျက်ရှိပါသည်။ ထို့ပြင် မြန်မာ့စီးပွားရေးလုပ်ငန်းတစ်ခုအပေါ် ကမ္ဘာတစ်ဝန်းက စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်ခံရမှု အရှိဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ မူလအစီအစဉ်အတိုင်း တင်ဒါရွေးချယ်မှုကို ပြည်သူ့လွှတ်တော်၏ အထက်စာပိုဒ်(၁)ပါ ကန့်ကွက်မှုကြောင့် ရပ်ဆိုင်းလိုက်ရပါက ကမ္ဘာ့နိုင်ငံများအကြားတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရှိန်ရရှိစပြုနေသော မိမိနိုင်ငံအနေဖြင့် ဂုဏ်သိက္ခာများစွာကျဆင်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေမည် ဖြစ်ပါသည်။ ၎င်းအကျိုးဆက်ကြောင့်အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိတ်ခေါ်မှုများတွင်လည်း နိုင်ငံတကာ၏ အမြင်တွင် ယုံကြည်မှု ကျဆင်း၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေမည် ဖြစ်ပါသည်။

၇။ အထက်ဖော်ပြပါအတိုင်း နိုင်ငံတော်အစိုးရက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့်လည်း အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၏ အုပ်ချုပ်ခွင့်အာဏာအတွင်းမှ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်း၊

(ခ) ပြည်သူ့ဆန္ဒဖြစ်သည့် ဆက်သွယ်ရေးတယ်လီဖုန်းများကို ဈေးနှုန်းချိုသာ လွယ်ကူအစဉ်ပြေချောမွေ့စွာ အသုံးပြုလိုမှုအပေါ် အစိုးရ၏ ဘတ်ဂျက်အကန့်အသတ်အတွင်းမှ ဖြည့်ဆည်းနိုင်သည့် အတိုင်းအတာအထက် ပိုမိုနေသည့်အတွက် အချိန်တိုကာလအတွင်း ပြည်သူ့ဆန္ဒဖြည့်ဆည်းနိုင်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုဖြစ်ခြင်း၊

(ဂ) လွှတ်တော်အသီးသီးကလည်း အစိုးရက ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို အစိုးရဘတ်ဂျက်လိုငွေပြမှု လျှော့ချနိုင်ရန် အစိုးရပိုင်အခန်းကဏ္ဍ လျှော့ချပြီး ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရန်နှင့် ပြည်သူ့ဆန္ဒကို အုပ်ချုပ်မှုပိုင်းမှ ဖြည့်ဆည်းပေးရန် တာဝန်များကို အဆိုများတင်သွင်း အကြံပြုချက်များအပေါ် အစိုးရက အလေးထားအကောင်အထည်ဖော် ဆောင်ရွက်မှုဖြစ်ခြင်း၊

(ဃ) နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုဖြစ်ခြင်း၊

(င) ပြည်သူများကိုသာမက နိုင်ငံတကာကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေး ကြေညာဆောင်ရွက်ပြီးဖြစ်ခြင်း။

၈။ သို့ပါ၍ အထက်ဖော်ပြပါ အခြေအနေများကြောင့် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားရေး လုပ်ငန်းစဉ်အား မူလအစီအစဉ်အတိုင်း ဆောင်ရွက်ရခြင်းအပေါ် နားလည်လက်ခံနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။

ပူးတွဲ။ (၁) ရည်ညွှန်း(၂)ပါ သဝဏ်လွှာမိတ္တူ(၄)ရွက်။
(၂) ရည်ညွှန်း(၃)ပါ သဝဏ်လွှာမိတ္တူ(၂)ရွက်။

သိန်းစိန်
နိုင်ငံတော်သမ္မတ

မိတ္တူကို -
ဌာနတွင်း ပြည်သူ့လွှတ်တော်